၃/၁၁/၆၆
၅/၃/၁၁

၃.၁၁.ဝေ.

မြန်မာအဘိဓာန်ဆရာတော်

အရှင်ဩဘာသ

စီမံရေးသားအပ်သော

ယောဂီလက်စွဲဘုရားရှိခိုး

စာတမ်းနှင့်

ဝိပဿနာအလုပ်စခန်းတက်လှမ်းရန်

ဥဒယဝယဉာဏ်

၁၃၃
ဘသ

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ်-၅၁၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၂၈-ခု။

ယောဂီလက်စွဲဘုရားရှိခိုး

စာတမ်းနှင့်

ဝိပဿနာအလုပ်စခန်းတက်လှမ်းရန်

ဥဒယ ဝယ ဥာ ဏ်

ဘုရားဟောနည်းမှန်တို့ကို

မြန်မာအဘိဓာန်

ဆရာတော် အရှင်ဩဘာသ

ထေရ်မြတ်က

ဝိပဿနာယောဂီတို့အား ပေးသနားတော်မူသည်။

စာအုပ်ရေ (၃၀၀၀)

သုဓမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ်-၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၂၈-ခု။

ဦးတင်ထူးက ပုံနှိပ်ထုတ်ဝေသည်။
ပုံနှိပ်တိုက်မှတ်ပုံတင် (၀၀၁၅) ထုတ်ဝေသူ(၀၂၂၀)
ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၈၄၄)

ရန်ကုန်မြို့ သရက်တောတိုက် ဖျာပုံတိုက်သစ်
ကမ္ဘာ့ဗဒုဓနာစရိယ မြန်မာ အဘိဓာန် ဆရာတော်
အရှင်ဩဘာသာဘိဝံသ

မာတိကာ

၁ အမိန့်အဆိုနှင့် ရည်ရွယ်ချက်များ.... .... ၁
၂ ဂန်တောဲ့ခဏ်း ၁၃
၃ အာဇီဝဌမကသိလ ခံယူပုံ ၁၄
၄ ဂ-ပါးသီလ ခံယူပုံ ၁၅
၅ ဓ-ပါးသီလ ခံယူပုံ ၁၆
၆ ၁၀-ပါးသီလ ခံယူပုံ ၁၇
၇ နမော တဿ ပါဠိ အနက် ၁ဂ
၈ သရဏဂုံ ၃-ပါး ပါဠိ အနက် ၁ဂ
၉ ဘုရားဂုဏ်တော် ၉-ပါး ပါဠိ အနက် ၁၉
၁၀ တရားဂုဏ်တော် ၆-ပါး ပါဠိ အနက် ၂၂
၁၁ သံဃာဂုဏ်တော် ၉-ပါး ပါဠိ အနက် ၂၄
၁၂ သစ္စာ ၄-ပါး ဘုရားရှိခိုး ၂ဂ
၁၃ ခန္ဓာ ၅-ပါး ဘုရားရှိခိုး ၂ဂ
၁၄ အာရုံ ၆-ပါး ဘုရားရှိခိုး ၂၉
၁၅ ဝတ္ထုရုပ် ၆-ပါး ဘုရားရှိခိုး ၂၉
၁၆ ဒွါရ ၆-ပါး ဘုရားရှိခိုး ၃၀
၁၇ ဝိညာဉ် ၆-ပါး ဘုရားရှိခိုး ၃၀
၁ဂ ဖဿ ၆-ပါး ဘုရားရှိခိုး ၃၀
၁၉ ဝေဒနာ ၆-ပါး ဘုရားရှိခိုး ၃၁
၂၀ ပဿာဒရုပ် ၅-ပါး ဘုရားရှိခိုး ၃၁
၂၁ ဟိတ် ၆-ပါး ဘုရားရှိခိုး ၃၂
၂၂ အာယတန ၁၂-ပါး ဘုရားရှိခိုး ၃၂

၂၃ ဓာတ် ၁၈-ပါး ဘုရားရှိခိုး ၃၂
၂၄ မဂ္ဂင် ၈-ပါး ဘုရားရှိခိုး ၃၃
၂၅ ဗောဇ္ဈင် ၇-ပါး ဘုရားရှိခိုး ၃၃
၂၆ ပဋ္ဌိစ္စသမုပ္ပါဒ် ဘုရားရှိခိုး ၃၄
၂၇ ဉာဏ်စဉ် ၁၆-ပါး ဘုရားရှိခိုး ၃၄
၂၈ ဝဋ္ဋ ၃-ပါး ဘုရားရှိခိုး ၃၅
၂၉ ကိလေသာ ၁၀-ပါး ဘုရားရှိခိုး ၃၅
၃၀ ဒုစရိုက် ၁၀-ပါး ဘုရားရှိခိုး ၃၆
၃၁ ပုညကိရိယာ၁၀တ္ထု ၁၀-ပါး ဘုရားရှိခိုး ၃၇
၃၂ ပဓာနိယင်္ဂတရား ၅-ပါး ၃၉
၃၃ အရိယာမျိုး ၄-ပါး ၄၀
၃၄ အရိယာဖြစ်ကြောင်းတရား ၄-ပါး ၄၀
၃၅ သောတာပန်၏ အင်္ဂါ ၄-ပါး ၄၁
၃၆ စေတော ဝိနိဗန္ဓတရား ၅-ပါး ၄၂
၃၇ ဝိရိယ အင်္ဂါ ၄-ပါး ၄၃
၃၈ ဥပါသကာ အင်္ဂါ ၅-ပါး ၄၄
၃၉ ဝိပဿနာ၏ ပုဗ္ဗကိစ္စရပ်များ ၄၇
၄၀ ဝိပဿနာအလုပ်စခန်း တက်လှမ်းရန် ၄၉
၄၁ ယောဂီ၏ ပဌမ အကျိုး ၅၀
၄၂ ယောဂီ၏ ဒုတိယ အကျိုး ၅၁
၄၃ ဒိဋ္ဌိ ဝိသုဒ္ဓိ စခန်း ၅၃
၄၄ ဥဒယ ဝယဉာဏ် အပိုင်း ၅၃
၄၅ ယောဂီအထူး သိမှတ်ထားဘို့ ၅၇

အခြိန်နှင့်အခေါ် နှင့် ရည်ရွယ်ချက်များ

ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့်စပ်၍ မိမိတို့၏ စိတ်ဓာတ်ဌ မကျေနပ် မရှင်းလင်းသော ဓမ္မသဘောတို့ကို ဆရာတို့နှင့် နီးကပ်ရင်းချာစွာ နှီးနှောဆွေးနွေး မေးမြန်းလျှောက်ထား လေ့ရှိကြသော ဝိပဿနာ ယောဂီသူမြတ်တို့က တပည့်တော်တို့အား အကြိမ်ကြိမ် အထပ်ထပ် မပြတ်ဟောကြား သင်ပေးထားတော်မူသောပရမတ္ထတရား ရုပ်နှာမ်များထဲက "သက္ကာယဒိဋ္ဌိ" အတ္တစွဲကင်းရုံမျှ နှုလုံးသွင်း ဆင်ခြင်တတ်ကြဘို့အတွက် ယောဂီတိုင်း ကြိုတင် ကျက်မှတ် "စွဲယူထားကြရန်" နာမ်ရုပ် ဓမ္မတို့၏ လိုရင်း အကျဉ်းချုပ်ဖြစ်သော တရားပုဒ်ကလေးတွေကို "**ယောဂီလက်စွဲ**" အဖြစ်ဖြင့် ထုတ်နုတ် ရေးသားပေးသနားတော် မူပါမည့် အကြောင်း လျှောက်တောင်းပန်ကြားချက်များ အရ—

မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဆဋ္ဌသံဂါယနာမူ ရာဇဝဂ် စာမျက်နှာ ၂၉၇,၂၉၉–၌ "ဝိပဿနာတရားကို ပွားများ အားထုတ်ကြသူ ရှင် လူ ယောဂီတိုင်း လိုက်နာ သိရှိထားနှင့် ရမည့်" ပဓာနိယင်္ဂတရား ၅-ပါး၊ သို့မဟုတ် ယောဂီအင်္ဂါ ၅-ပါးကို မိန့်ဆို ညွှန်ပြတော်မူရာဝယ် **သဒ္ဓါ** ကို တစ်အချက်, တစ်နံပါတ်,အင်္ဂါအဖြစ် မိန့်ဆိုထားလေသည်။

သဒ္ဓါ--ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်များကို နာယူမှတ်သား သိရှိ ယုံကြည်၍ ထားရခြင်း အင်္ဂါတပါး ဟု အဆိုရှိသည်။

ဤ တစ်နံပါတ်အင်္ဂါ၏ လိုရင်း သိစေချက်မှာ သာသနာတော်အတွင်းခို မင်္ဂ ဖိုလ် နိဗ္ဗာန် အလိုငှါ ကျင့်ကြံ အားထုတ်ရင်းစဲ့ ရှိနေကြတဲ့ ဝိပဿနာ ယောဂီတို့သည်-

(၁) မြတ်စွာဘုရားသခင်၏ "အရဟံ" စသော ဂုဏ်တော် ၉-ပါး ပါဋိ အနက် အဓိပ္ပါယ် များကိုဂုဏ်း၊

(၂) တရားတော်မြတ်၏ " သွာက္ခာတ " စသော ဂုဏ်တော် ၆ ပါး ပါဋိ အနက် အဓိပ္ပါယ် များကိုဂုဏ်း၊

(၃) သံဃာတော်မြတ်တို့၏ "သုပ္ပဋိပန္နတာ" စသော ဂုဏ်တော် ၉-ပါး ပါဋိ အနက် အဓိပ္ပါယ် များကိုဂုဏ်း။

နှုတ်သွက် အရ နာယူ သင်ကြား ကျက်မှတ်ထားကြရမည်၊ ညနံနက်တိုင်း ဝစီကံဖြင့် နှုတ်မြွက် ရွတ်ဆိုကြရမည်၊ မနောကံဖြင့် အဖန်ဖန် ကြံစည် အောက်မေ့ ကြည်ညိုကြရမည်ဟု "**အမန့်အဆို**" ရှိသည်။

ထို့ကြောင့် ရတနာ သုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်များကို ကလေးသူငယ်မှစ၍ သမ္မာဒိဋ္ဌိအယူရှိသူတိုင်း ကျက်မှတ်ရန်လည်း လွယ်ကူ အနက် အဓိပ္ပါယ် အယူအဆလည်း ပေါ်လွင် ထင်ရှား၍ ရှိခိုးချင်စရာလည်း ကောင်းအောင်

ဟူသော "ရည်ရွယ်ချက်" ထားလျက် စိစဉ်ရေးသားကာ ဤယောဂီလက်စဲ့ စာသားထဲ၌ ဦးဦးဖျားဖျား ဖေါ်ပြသွားမည် ဖြစ်၏။

ၜင်းဖေါ်ပြပါ ရတနာသုံးပါး၏ ဂုဏ်တော် ကျေးဇူးတော်များကို နှုတ်တက်ရွရွ အရကျက်ကာ ရွတ်ဖတ် ရှိခိုးကြရာသတည်း။

ထိုမှနောက်၌–

အထက်ဖေါ်ပြပါ မင်္ဂလာပဏ္ဍာသ ပါဠိတော်လာ "ယောဂီတိုင်း သိရှိ လိုက်နာကြရမည့်" ပဓာနိယင်္ဂတရား ငါးပါးထဲ မှာပင် နောက်ဆုံးဖြစ်တဲ့ ၅-နံပါတ်အင်္ဂါ၌–

ပညဝါ–ပရမတ္ထ သဘာဝ ရုပ် နာမ် ဓမ္မတို့၏ ဖြစ်ပုံ ပျက်ပုံ သဘော လက္ခဏာ အစုံကို ကဲ့ပြားစွာ သိအောင် ဆရာသမားများထံ နာယူ သင်ကြား မှတ်သား ထားမှု သုတမယဉာဏ် အသိမှန် အကြံမှန် စိတ်ကူးမှန်မှ တဆင့် ကိုယ်တွေ့ဒိဋ္ဌ "ပညာ"သို ဖြစ်ရှိလာအောင် ပို့ဆောင်ပေးနိုင်တဲ့ ဒိဋ္ဌိဝိသုဒ္ဓိခေါ် "ဥဒယတ္ထဂါမိနိပညာ" ရှိထားရခြင်း အင်္ဂါတပါး ဟု မိန့်ကြား ဟောဆိုထားသည်က တချက်။

ထိုမှတပါး သောတာပန်ပုဂ္ဂိုလ်မှ ရဟန္တာပုဂ္ဂိုလ်အထိ ဖြစ်ရှိသွားကြဘို့ရာအတွက် မဟာဝဂ္ဂသံယုတ်ပါဠိတော် ဆဋ္ဌမ္ဘု စာမျက်နှာ-၃၅၉ သောတာပတ္တိသံယုတ်နှင့် သုတ်ပါထေယျ

ပါဠိတော် ဆဋ္ဌမ စာမျက်နှာ-၁၉၀ သံဂီတိသုတ်တို့၌ မိန့်ဆိုဟောပြတော်မူသော အရိယာဖြစ်ကြောင်းတရား ၄-ပါးဝယ်—

(၁) **သဒ္ဓမ္မသဝနေ**— ပရမတ္ထ ရုပ် နာမ်တို့၏ သဘာဝကို သမ္မာသနဉာဏ်ဖြင့် အမှန်သိ အမှန်ကြံ ဆင်ခြင် သုံးသပ်တတ်ရန် နာခံ မှတ်သား သင်ကြား လေ့လာမှုများ ရှိထားရခြင်း အင်္ဂါတပါး။

(၂) **ယောနိသော မနသိကာရ**— ဆရာသမားထံ၌ နာခံ သင်ကြား ကျက်မှတ် သိရှိထားပြီးသားဖြစ်သော ထို ရုပ် နာမ် ဓမ္မတို့၌ "သက္ကာယဒိဋ္ဌခေါ်" ငါစွဲ ကင်းစင်၍ အနတ္တလက္ခဏာ ထင်မြင်လာအောင် ဆင်ခြင်ဉာဏ်ဖြင့် မှန်ကန်တော်တည့်စွာ နှလုံးသွင်း တတ်မှု ရှိထားရခြင်း အင်္ဂါတပါး။

ဟူသော အမိန့်တော်မြတ် ချမှတ်ချက် အင်္ဂါရပ်များ အရ ဝိပဿနာအလုပ်ကို အဟုတ်တကယ် ပွားများအားထုတ်မည့် ယောဂီသည် တရားအားမထုတ်မီ ရှေးဦးစွာ ဝိပဿနာ တရားမြတ်ကို ရှုမှတ်တတ်ရုံမျှလောက် အကြမ်းဖျင်း အရိုင်းသိ အနေအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ သဘောသက်ဝင်အောင်—

ဤကား—ရုပ်တရား၏ လက္ခဏာ သဘောသွား ပင်တည်း။
ဤကား - နာမ်တရား၏လက္ခဏာ သဘောသွား ပင်တည်း။

ဟု ဆင်ခြင်စဉ်းစား သုတမယဉာဏ်ဖြင့် နှလုံးထားတတ်အောင် တတ်သိလိမ္မာသော ဆရာသမားများထံ နည်းနာ

ခံကာ သင်အံ မှတ်သား လေ့လာ လိုက်စား ထားရမည်ဟု "**အမိန့်အဆို**" ပြုတော်မူကြသည်။

ထိုကြောင့် ရုပ် နာမ် ဓမ္မ ပရမတ္ထ သဘာဝကို မိမိ ကိုယ်တိုင်ကလည်း ဘာမျှမတတ်, မသိ, နားမလည်၊ သူတပါး ကိုလည်း တတ်သိ နားလည် ကဲ့ပြားအောင် မဟာကြား မသင်ပြတတ်ပါဘဲလျက် တတ်ယောင်ကား ဆရာလုပ်ကာ "သည်လို ရှုရတယ်, သည်လို မှတ်ရတယ်, သည်လို ပွားများ ရတယ်, စသည်ဖြင့်"သူများလုပ်ပုံ ကမ္မဋ္ဌာန်းနည်းကို ပြောသံ ကြားဖြင့် ပြသ စေခိုင်းတတ်ကြလေသည်။

ထို တတ်ယောင်ကား ဆရာတို့ စေခိုင်းတိုင်း လိုက်လုပ် လိုက်မှတ် လိုက်ရှု ပွားများနေကာမျှဖြင့်လည်း ဝိပဿနာ တရားအစစ်, ဝိပဿနာဉာဏ်အစစ်, မဖြစ်နိုင်ပါပေ၊ "သမထ လမ်းကြောင်းလောက်တော့ ရောက်ကောင်း ရောက်မည်လား မသိနိုင်ရာ" သည်လို တတ်ယောင်ကား ဆရာမျိုးတွေကို သတိထား ရှောင်ရှားကြပါလေ။

စင်စစ် ဝိပဿနာတရား ပွားများ အားထုတ်လိုသူသည် သို့မဟုတ် ဝိပဿနာ ဆရာလုပ်လိုသူသည် ရုပ်နာမ် ၂-ပါး၏ သဘောသွားကို ကဲ့ပြားအောင်, ခြားနားအောင်, နာမရူပ ပရိစ္ဆေဒဉာဏ်ကို သိအောင်, ဆရာသမားများထံမှာ ရှေးဦးစွာ နာယူ သင်ကြား လေ့လာ လိုက်စား သိရှိ မှတ်သားထားရ ပေမည်။

ထို ရုပ် နာမ် ဓမ္မ ပရမတ္ထ၏ သဘာဝမှန်ကို သုတမယ ဉာဏ်ဖြင့် သိရှိရပြီးနောက် မိမိကိုယ်တိုင် ထိုတတ်သိလိမ္မာသော ဆရာ့ထံပါးမှာ ဝပ်တွား ခစားလျက် ဝိပဿနာဓမ္မကို လေ့လာ ပွားများမှု ပြုရပေမည်၊ ဤပုံ ဤနည်းအတိုင်း လိုက်နာ ပြုကျင့်မှသာ ဝိပဿနာ ဉာဏ် အစစ် ဖြစ်နိုင် ကြောင်းကို သူတော်ကောင်းများ တထစ်ချ မှတ်သားကြပါကုန်။

မှတ်ချက် ဤစကားရပ်တို့ဖြင့် ဝိပဿနာယောဂီတို့ အတွက် သက်သက်သီးခြား အရေးကြီး သော မှတ်သားစရာ "အမိန့်အဆို" များကို ပြောကြားနေခြင်း ဖြစ်သည်ဟု မှတ်ပါ။ ဝိပဿနာ စိတ်သည် ဘယ်သောအခါမှ ပညတ်ကို အာရုံမပြုပါပေ။

သမထယောဂီတို့အတွက် လုပ်ကွက်မှာ မူကား ပညတ်တရား သက်သက်ကိုသာ အာရုံပြု ရှုမှတ်နေခြင်းများ ဖြစ်၍ ရုပ် နာမ် ၂-ပါး ပရမတ္ထတရားတို့၏ သဘော လက္ခဏာနှင့် ဖြစ်ပျက်မှု, မစိုးပိုင်နိုင်မှု, "အနိစ္စ, အနတ္တ" တရားစုကို သိချင်သိ, မသိချင်နေ, အရေးမပါဟု မှတ်ရာသည်။

ထင်ရှားစေဦးအံ့ ယောဂီတွေဟာ ကျောင်းကန် ရိပ်သာကို ဘာ လာလုပ်ကြတာလဲ? လို့ မေးရင်

ဝိပဿနာတရား ပွားများ ရအောင် လာကြ ကာပါလို့ ဖြေမှာဘဲ။

ကောင်းပြီ ဒါဖြင့် ဝိပဿနာဆိုတာ မနောက် စိတ်အလုပ် မျိုး, စိတ်ဖြင့် မှတ်ယူပွားများ အားထုတ်ရခြင်းမျိုး,သာ ဖြစ်တယ်၊ ယောဂီ အားထုတ် ပွားများ မည့် ဝိပဿနာ ကုသိုလ်စိတ်က ဘာကိုအာရုံပြုပြီး သိမှတ် ပွားများ အားထုတ် နေရမှာလဲ ? လို့ မေးရင် ယောဂီ ဘယ်လိုဖြေမည်လဲ ? စိတ်ဆိုတာ အာရုံနှင့် ကင်းပြီးတော့ မဖြစ်ကောင်းဘူး မဟုတ်လား ?

ဟာ....ဒါကတော့ လွယ်ပါတယ် ခု ငါတရားထိုင်နေတယ်၊ ငါရဲ့ထွက်လေ ဝင်လေကို ငါမှတ်နေတယ်၊ ငါ့နှာနုသားကလေးကို ထိထိသွားတဲ့ အထိ သဘောကလေးကို ငါ သိ သိနေတယ်၊ ငါ့မှာ ပူတယ်၊ အေး တယ်၊ ယားတယ်၊ ငါ စားနေတယ်၊ ငါ သွားနေတယ်.... ဆိုတာတွေကို သိမှတ် သိမှတ် နေမှာပေါ့လို့ ငါစဲ့တန်းလမ်း အာရုံကြီးနှင့် ဖြေရင် ပညာရှိ ဝိပဿနာ ဆရာမှန်က ထိုအဖြေ မျိုးကို လက်ခံကြလိမ့်မည် မဟုတ်ပါ။

အဘယ့်ကြောင့် ပါနည်း ? သည်လို ငါသိအနေနှင့် သိမှတ် နေတဲ့ အသိမျိုး, အမှတ်မျိုး, လောက်ကိုတော့ ယောဂီတို့လို လူသားများကို မဆိုထားပါနှင့်

အခြား ကျွဲ, နွား, ခွေး, ဝက်, ကြက်, ငှက်,စတဲ့ သတ္တဝါတွေ ဟာလဲ ပူတာ အေးတာ နာတာ ထိတာတွေကို ငါ ပူနေတယ်, ငါ အေးနေတယ်, ငါ နာနေတယ်,ဟု သိတတ် မှတ်တတ် ကြတာပါဘဲ လို့ မဟာသတိပဋ္ဌာနသုတ် အဌကထာ စသည် တို့မှာ "**မိန့်ဆိုထားတာ**"ရှိတယ်၊ သဟာကြောင့် သည်လို အဖြေမျိုးကို လက်မခံကြခြင်းပါဘဲ။

သို့အတွက် ဝိပဿနာ အစစ်ဘာရားကို ပွားများအားထုတ် မည့် ယောဂီသည် ပရမတ္ထတရား ရုပ် နာမ် တို့၏ သဘောမှန်များကို ကိုယ့်ဉာဏ်မှီသလောက် စာပေ ကျမ်းဂန်တတ်မြောက်တဲ့ ဆရာသမားများထံမှာ ရှေးဦးစွာ နာယူ မှတ်သား လေ့လာ လိုက်စားကြပါဦး ဟု ထပ်ခါ ထပ်ခါ ဘိုက်တွန်းစကား ပြောကြားနေရခြင်း ဖြစ်ပါသည်။

သတိထား ရှောင်ကြ အို.... အဘိဓမ္မာတွေ, ရုပ်တွေ, နာမ်တွေ,ပရမတ်တွေ,ဓာတ်တွေ, လက္ခဏာတွေ, ကိစ္စတွေ, ပဒဋ္ဌာန်တွေ, ဖြစ်ပျက်ပုံတွေ, ကို နာယူမှတ်သား သင်ကြားလေ့လာနေစရာ မလိုပါဘူး၊လာသာ လာခဲ့ပါ၊ တထိုင်ထဲနှင့် မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန် မြင်အောင် ပြပေးမည် ဟု ဆိုကာ ပြပြပေးနေတဲ့ ဆရာတွေလည်း အများပင်ရှိနေသည်ဟု ကြားသိရသည်၊ ထိုတတ်ယောင်ကား မသိမလိမ္မာဆရာများကို သတိထား၍ ရှောင်ရှားကြပါလေဟု ထပ်မံ သတိပေးရပြန်သည်။

ဘုရား ပစ္စေကဗုဒ္ဓါ

အကြောင်းကား ပရမတ္ထ သဘာဝ ရုပ်နာမ်ဓမ္မ၏ ဥဒယ ဝယ သဘောမှန်ကို သူတပါးထံမှ ဟောသံပြောသံ မကြားရဘူးဘဲနှင့် မဂ်ရောက် ဖိုလ်ဝင် နိဗ္ဗာန် မြင်အောင် ကျင့်ဆောင် သွားနိုင်သူတို့ကား ဘုရားသခင်နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသာ ရှိ၏။

အခြား မည်သည့် သာဝကမှ ရုပ်နာမ်ဓမ္မ၏ ဥဒယ ဝယ ဉာဏ်ကို သူတပါးထံမှ မနာခံ မကြားသိရဘူးဘဲနှင့် "ဒိဋ္ဌိ ဝိသုဒ္ဓိခေါ်"နာမရူပ ပရိစ္ဆေဒဉာဏ်မှ စ-တက်ရသော မဂ်ဖိုလ် နိဗ္ဗာန်ကို မရောက်ကောင်း, မမြင်ကောင်း, မဝင်ကောင်း နိုင်ချေ။

ထိုစကားသည် မှန်၏ ဝိပဿနာယောဂီ၏ သိမှတ်စိတ်သည် ငါ သူတပါး ယောကျား မိန်းမ၏ ထွက်လေ ဝင်လေ,စတဲ့ ပညတ်တရားစုကိုရင်း၊ ငါ့ပေါင် ငါ့ခါး ငါ့တင်ပါး ငါ့ဒူး ငါ့နဖူး ငါ့နား ငါ့အသားတွေထဲက နာနေသည် စတဲ့ ပညတ်တရားစုကိုရင်း၊ ငါ့ရုပ် ငါ့နာမ် ဟူသည့် ငါစဲ့တန်းလမ်းကြီးနှင့် ရုပ်နာမ် မျိုးကိုသော်ရင်း ဘယ်သောအခါမျှ အာရုံမပြုပါပေ၊ ပရမတ်ဆတ်ဆတ် ရုပ်နာမ် ၂-ရပ်၏ အနတ္တသဘောမှန်ကိုသာ အာရုံပြုပေသည်။

ထိုကြောင့် ဝိပဿနာတရား ပွားများမည့် ယောဂီသည် ရှေးဦးစွာ ရူပ်တရား နာမ်တရား၏ လိုရင်း သဘောသွား လက္ခဏာလေးလောက်ကိုမျှ ကွဲပြားစွာ နာယူသင်ကြား လိုက်စား သိရှိမထားပါလျှင် အနတ္တ ဉာဏ်အမြင် မစင်ကြယ်ဘဲ အတ္တစွဲ "ငါစွဲကြီး"နှင့် သက္ကာယဒိဋ္ဌိနယ်ထဲ မှာသာ တဝဲလည်လည် ဖြစ်နေပေလိမ့်မည်၊ ထိုအခါ ယောဂီ၏ ရှုမှတ် စိတ်သည် သမ္မာဒိဋ္ဌိ မဂ္ဂင် နှင့် မယှဉ်သောကြောင့် ဝိပဿနာဉာဏ်အစစ် ဘယ်နည်းနှင့်မျှ မဖြစ်နိုင် ဟု **မိန့်ဆိုခြင်း** ဖြစ်၏။

သို့ဖြစ်၍ ရူပ်နာမ် ၂-ပါး၏ လိုရင်းအချက် သဘောများကို ဆရာသမားတို့က ဟောကြားလိုက်သောအခါ ဆိုင်ရာ ဆိုင်ရာ လက္ခဏာ ကိစ္စတို့ကို လွယ်ကူစွာ သိရှိသွားနိုင်ကြစေရန် ဓာတ်ခံပါရမီ ရှိထားကြဘို့အတွက် "**ရည်ရွယ်ချက်**" ထားကာ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, စသည့် လိုရင်းဓမ္မများကို ကလေးသူငယ်ကအစ အဖတ်ရ အမှတ်ရ အကျက်ရ လွယ်၍ ယောဂီဘိုင်း နှုတ်တက်ရအောင် လက်စွဲထားလျက် ဘုရား ရှိခိုးနိုင်ကြစေရန်-

ရန်ကုန်မြို့ သရက်တောတိုက် ဖျာပုံတိုက်သစ် ဆဋ္ဌသံဂီတိ ဝိဓာယက, မူလ နှင့် ပဋ္ဌိဝိသောဓက, ရန်ကုန်မြို့နယ် သံဃ ဝိနိစ္ဆယ,ကမ္မဋ္ဌာနာစရိယ, မြန်မာ ပါဠိ အဘိဓာန် ဆရာတော်, အရှင်ဩဘာသာဘိဝံသ ထေရ်မြတ်သည် ထိုထို ပိဋကတ်တော် ကျမ်းစာတို့မှ သင့်လျော်ရာရာ အတိုအထွာတို့ကို ထုတ်

နုတ်ကာ "ယောဂီလက်စွဲ ဘုရားရှိခိုး" ဟူသော အမည်ဖြင့် ပေးသနားလိုက်ကြောင်း။

သမ္မာဒိဋ္ဌိဘာသာဝင် သူတော်စင် အမျိုးကောင်း သားသမီး အပေါင်းဘို့သည် သောင်းသောင်းဖျဖျ အရက္ကျက်ကာ ညနံနက်တိုင်း ရှိခိုးရှတ်ဆိုခြင်း, သူတပါးတို့အား သင်ကြားပြသပေးခြင်းတို့ဖြင့် မိမိတို့ သာသနာတော်မြတ်ကို ပြုစုစောင့်ရှောက် အားပေးနိုင်သော သာသနာပြု အမျိုးကောင်းသားမြတ် အမျိုးကောင်းသမီးမြတ်တွေ ဖြစ်ကြပါစေကုန်သတည်း။

ကမ္မဋ္ဌာနာစရိယ
မြန်မာအဘိဓာန်းဝရာဘော်
အရှင်ညြဘာသာဘိဝံသ
ဖျာပုံတိုက်သစ်
သရက်တောတိုက်
ရန်ကုန်မြို့။

ယောဂီလက်စွဲဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ။

ကန်တော့ခဏ်း

သြကာသ သြကာသ သြကာသ ကာယကံ ဝစီကံ မနောကံ သုံးပါးသော ကံတို့ဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပဌမ, ဒုတိယ, တတိယ, တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဆရာသမား အမိအဖ အဘိုးအဘွားတို့အား အရှိအသေ အလေးအမြာ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိဝေးလေးပါး ဗျသနတရားငါးပါး အနာမျိုး ၉၆-ပါး

တို့မှ ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ဝဋ္ဋဘဝတိုတိုနှင့် ရရပါလို၏ အရှင်ဘုရား။

အာဇီဝဋ္ဌမကသိလခံယူပုံ

ယောဂမျိုးဆိုရန်–

အဟံ ဘန္တေ တိသရဏေန သဟ အာဇီဝဋ္ဌမကသိလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

တတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

ဆရာဘုန်းကြီးက ဆိုပေးသော– "နမော တဿ နှင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"စတဲ့ သရဏဂုံတို့ကို လိုက်ဆိုကြပါ။

ယောဂီမျိုးဆိုရန် သိက္ခာပုဒ် ဂ–ပါး

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၂) အ,ဒိန္နာ ဒါနာ ။ ။ ။
(၃) ကာမေသု မိစ္ဆာစာရာ ။ ။ ။
(၄) မုသာဝါဒါ ။ ။ ။
(၅) ပိသုဏာ ဝါစာ ။ ။ ။
(၆) ဖရုသာ ဝါစာ ။ ။ ။
(၇) သမ္ဖပ္ပလာပါ ဝါစာ ။ ။ ။
(၈) မိစ္ဆာဇီဝါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ရှစ်ပါးသီလခံယူနည်း

လူမျှားဆိုရန် -

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ ....ဆက်ဆိုပါ။

တတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

ဆရာဘုန်းကြီးက ဆိုပေးသော သရဏဂုံမျှားကို ထုံးစံအတိုင်း လိုက်ဆိုကြပါ။

လူမျှားဆိုရန် သိက္ခာပုဒ် ၈-ပါး

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၂) အ,ဒိန္နာဒါနာ ။ ။ ။
(၃) အ,ဗြဟ္မစရိယာ ။ ။ ။
(၄) မုသာဝါဒါ ။ ။ ။
(၅) သုရာ မေရယ မဇ္ဇ ပမာဒ ဋ္ဌာနာ။ ။
(၆) ဝိကာလဘောဇနာ ။ ။ ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ။ ။
(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၉-ပါးသီလခံယူနည်း

လူမျှားဆိုရန်—

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

တတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

ဆရာဘုန်းကြီးက ဆိုပေးသော သရဏဂုံမျှားကို ထုံးစံအတိုင်း လိုက်ဆိုကြပါ။

လူမျှားဆိုရန် သိက္ခာပုဒ် ၉-ပါး

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၂) အ,ဒိန္နာ ဒါနာ ။ ။ ။
(၃) အ,ဗြဟ္မစရိယာ ။ ။ ။
(၄) မုသာ ဝါဒါ ။ ။ ။
(၅) သုရာ မေရယ မဇ္ဇ ပမာဒ ဋ္ဌာနာ ။
(၆) ဝိကာလ ဘောဇနာ ။ ။ ။
(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ။
(၈) ဥစ္စာသယန မဟာသယနာ ။ ။
(၉) မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတ္ဝာ ဝိဟရဏံ သမာဒိယာမိ။

မှတ်ချက် ခွေး-ကြောင်ကအစ မည်သူကိုမျှ စိတ်မဆိုးရ၊ ဒေါသမထွက်ရ၊ ဒေါသထွက်လျှင် မေတ္တာ သိက္ခာပုဒ် ပျက်လိမ့်မည် ဟူ၏။

ဆယ်ပါးသီလ ခံယူနည်း

လူမျှားဆိုရန်—

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတ္တာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

တတိယမ္ပိ အဟံ ဘန္တေ.... ....ဆက်ဆိုပါ။

ဆရာဘုန်းကြီးက ဆိုပေးသော သရဏဂုံမျှားကို ထုံးစံအတိုင်း လိုက်ဆိုကြပါ။

လူမျှားဆို၍ ခံယူဆောက်တည်ရန် သိက္ခာပုဒ် ၁၀-ပါး

(၁) ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၂) အ,ဒိန္နာဒါနာ ॥ ॥ ॥
(၃) အ,ဗြဟ္မစရိယာ ॥ ॥ ॥
(၄) မုသာဝါဒါ ॥ ॥ ॥
(၅) သုရာ မေရယ မဇ္ဇ ပမာဒ ဋ္ဌာနာ ॥
(၆) ဝိကာလ ဘောဇနာ ॥ ॥ ॥

(၇) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ။ ။ ။
(၉) ဥစ္စာသယန မဟာသယနာ ။ ။
(၁၀) ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

သီလခံယူနည်း ပြီး၏။

နမော တဿ ပါဌ်အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်ရှိခိုးခြင်းကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားအပေါင်းကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားသခင်အား။ နမော၊ ရိုသေစွာ ရှိခိုးပါ၏ ဘုရား။

သရဏဂုံ ပါဌ်အနက်

ဗုဒ္ဓံ သရဏံ ဂစ္ဆामိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊ မြတ်စွာဘုရားသခင်ကို။ သရဏံ၊ ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက် ဟောကြားတော်မူ တတ်သော ဘုရားစစ် ဘုရားမှန် ဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ပါ၏ ဘုရား။

ဓမ္မံ၊ မြတ်စွာဘုရား ဟောကြားတော်မူသော တရား တော်မြတ် အပေါင်းကို။ သရဏံ၊ ဆင်းရဲကင်းကွာ ချမ်းသာ ရာကို လျင်စွာရောက်ကြောင်း တရားကောင်း တရားမှန်တို့ ဟူ၍။ ဂစ္ဆာမိ၊ ရိုသေစွာ လိုက်နာ ကျင့်ကြံ အားထုတ်ပါ၏ ဘုရား။

သံဃံ၊ ဝိနည်းတရား အကျင့်မျှားကို လေးစားလိုက်နာ မြတ်သံဃာကို။ သရဏံ၊ ယဉ်ကျေးလိမ္မာ သဒ္ဓါတက်ကြွ မဂ်ဖိုလ်ရအောင် ဆုံးမပဲ့ပြင် သွန်သင်ပေတတ်သော သံဃာစစ် သံဃာမှန် ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ခစား ဝပ်တွားလုပ်ကျွေး ပါ၏ အရှင်ဘုရား။

ဘုရားဂုဏ်တော် ၉-ပါး ပါဠိတော်

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာ သမ္မုဒ္ဓေါ, ဝိဇ္ဇာ စရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသ ဒမ္မသာရထိ, သတ္ထာ ဒေဝ မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

ဘုရားဂုဏ်တော် ၉-ပါး အနက်

(၁) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ အရဟံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်လည်း "အရဟံ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၂) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ သမ္မာ သမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားအပေါင်းကို ဆရာမရှိ မိမိ အလိုလို ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူသောကြောင့် လည်း "**သမ္မာသမ္ဗုဒ္ဓ**"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၃) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဝိဇ္ဇာ စရဏ သမ္ပန္နော၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတရား တဆယ့်ငါးပါး တို့ နှင့် ပြည့်စုံတော် မူသော ကြောင့်လည်း "**ဝိဇ္ဇာစရဏ သမ္ပန္နေ**"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၄) သော ဘဂဝါ၊ ထို မြတ်စွာ ဘုရား သခင်သည်။ သုဂတော၊ ကောင်းမြတ် မှန်ကန်သော စကားကို ဆိုတော် မူတတ်, ကောင်းမြတ်ချမ်းသာသော နိဗ္ဗာန်သို့ ကြွသွားတော် မူတတ်သောကြောင့်လည်း "**သုဂတ**" ဂုဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

(၅) သော ဘဂဝါ၊ ထို မြတ်စွာ ဘုရား သခင်သည်။ လောကဝိဒူ၊သတ္တလောက,သြကာသလောက, သင်္ခါရလောက

ဟု ဆိုဗျာပ်သော လောကသုံးဘုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသောကြောင့်လည်း "**လောက ဝိဒူ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၆) သော ဘဂဝါ၊ ထို မြတ်စွာ ဘုရား သခင်သည်။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ မယဉ်ကျေးသော လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ယဉ်ကျေးလိမ္မာ သဒ္ဓါတက်ကြွ မဂ်ဖိုလ်ရအောင် ဆုံးမပဲ့ပြင် သွန်သင်တော်မူရာ၌ အဘုမရှိ လွန်မြတ်တော်မူသောကြောင့်လည်း "**အနုတ္တရော ပုရိသ ဒမ္မသာရထိ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၇) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ သတ္ထာ ဒေဝ မနုဿာနံ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာဘဆူ ဖြစ်တော်မူသောကြောင့်လည်း "**သတ္ထာ ဒေဝ မနုဿာနံ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၈) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဗုဒ္ဓေါ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူ ဆိုအပ်သော သစ္စာလေးပါး မြတ်တရားကို ကိုယ်တိုင်လည်းသိ သူတပါးတို့ကိုလည်းသိအောင် ဟောကြားတော်မူတတ်သော ကြောင့်လည်း "**ဗုဒ္ဓ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၉) သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ ဘဂဝါ၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း "**ဘဂဝါ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤတိပိ၊ ဤသို့ ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

တရားဂုဏ်တော် ၆-ပါး ပါဠိတော်

သ္વာက္ခာတော ဘဂဝတော ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိ ပဿိကော, ဩပနေယျိကော, ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ။

မှတ်ချက် ပါဠိတော်၌ "ဘဂဝတော ဓမ္မော, ဘဂဝတာ ဓမ္မော" ဟု ၂-မျိုးရှိ၏။ ၂-မျိုးစလုံးပင် သင့်သည်ချည်းဖြစ်၍ ဆဋ္ဌမုက အတည်ပြု ထားသည်။

ဖတ်နည်း ဝိညူဟိကို ဝိန်ညူဟိ ဟု အသံထွက် ဖတ်ပါ။

တရားဂုဏ်တော် ၆-ပါး အနက်

(၁) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ဓမ္မော၊ မဂ်လေးဝ, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်သည်။ သ္વာက္ခာတော၊ လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးတတ်သည်ဖြစ်၍ ကောင်းမြတ် မှန်ကန်စွာ ဟောကြားတော် မူအပ်သော ကြောင့်လည်း "သ္વာက္ခာတ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရား သခင်၏။ ဓမ္မော၊ စျာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် တရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပွားများသူ ယောဂီတိုင်း မဆိုင်းမတွ ကိုယ်တိုင်ဒိဋ္ဌ တွေ့ရှိခံစားရသော ကြောင့်လည်း "**သန္ဒိဋ္ဌိက**"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရား သခင်၏။ ဓမ္မော၊ ဒါန,သီလ,ဘာဝနာ ခေါ်ငြား သုံးပါးသော တရားတော်မြတ်သည်။ အကာလိကော၊ စေတနာထက်သန် ကျင့်ကြံပြုလုပ် အားထုတ် ပွားများသူတို့အား အချိန်မကြာ အခါမလင့် သင့်တင့်ကောင်းမြတ်သော ချမ်းသာသုခကို ပေးစေတတ်သောကြောင့်လည်း "**အ ကာလိက**"ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရား သခင်၏။ ဓမ္မော၊ ကျင့်ဝတ်ပဋိပတ် ဘာဝနာတရားမြတ်သည်။ ဧဟိ ပဿိကော၊ လာလှည့်, ရှုလှည့်, ကျင့်လှည့်စမ်းပါ ချမ်းသာရာကို ကေန်မလဲ ရလိမ့်မြဲဟု လက်ဆဲ့ခေါ်လတ် အစမ်းအသပ်ကို ခံခြင်းငှါ ထိုက်တော်မူသောကြောင့်လည်း "**ဧဟိ ပဿိက**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၅) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ဓမ္မော၊ မဂ် ဖိုလ် နိဗ္ဗာန် သုံးတန်သော တရားတော်မြတ်သည်။ သြပ-နေယျိကော၊ ရသူစိတ်ထဲ မပြောင်းလဲဘဲ အမြဲဆောင်ယူ၍

နေခြင်းငှါ ထိုက်တော်မူသောကြောင့်လည်း "ဩပနေယျိုက" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၆) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ ဓမ္မော၊ မဂ်လေးဝ, ဖိုလ်လေးတန်, နိဗ္ဗာန် ခေါ်ငြား ကိုးပါးသော တရားတော်မြတ်ကို။ ဝိညူဟိ၊ ပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးအခြား ကိုယ်စီကိုယ်ငှ။ ဝေဒိတဗ္ဗော၊ သိအပ် သိသင့် သိထိုက်တော်မူသောကြောင့်လည်း "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤတိပိ၊ ဤသို့ ဂုဏ်တော် ၆-ပါးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်အပေါင်းကိုလည်း။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးချ ရှိခိုးပါ၏ ဘုရား။

သံဃာဂုဏ်တော် ၉-ပါး ပါဠိတော်

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော, (ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ) ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိ ကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

သံဃာဂုဏ်တော် ၉-ပါး အနက်

(၁) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သာဝက သံဃော၊ တပည့်သား သံဃာတော် အပေါင်းသည်။ သုပ္ပဋိ-ပန္နော၊ ကောင်းမြတ်မှန်ရာ ကျင့်သိက္ခာကို ကောင်းစွာ ကျင့်တော်မူတတ်သောကြောင့်လည်း "သုပ္ပဋိပန္နဲ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၂) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သာဝက သံဃော၊ တပည့်သား သံဃာတော် အပေါင်းသည်။ ဉဇုပ္ပဋိပန္နော၊ နိဗ္ဗာန်ရောက်တတ် အကျင့်မြတ်ကို ဖြောင့်မတ်တည်ငြိမ်စွာ ကျင့်တော်မူတတ်သောကြောင့်လည်း "ဉဇုပ္ပဋိ-ပန္နဲ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၃) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သာဝက သံဃော၊ တပည့်သား သံဃာတော် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ အို,နာ,သေရေး ဒုက္ခဘေးတို့ ကင်းဝေးရာမှန် မြတ်နိဗ္ဗာန်ကို ဧကန်သိရန် စိတ်ရည်သန်၍ ကျင့်ကြံ အားထုတ်တော်မူတတ်သောကြောင့်လည်း "ဉာယပ္ပဋိပန္နဲ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၄) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သာဝက သံဃော၊ တပည့်သား သံဃာတော်အပေါင်းသည်။ သာမီစိပ္ပဋိ-ပန္နော၊ နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းလမ်းမှန် ဓမ္မက္ခန်ကို ရိုသေစွာ လိုက်နာ ကျင့်ကြံတော်မူတတ်သောကြောင့်လည်း "**သာမီစိပ္ပဋိပန္နဲ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ၊ မဂ်ဖိုလ်တရား အတွဲအားဖြင့် ပိုင်းခြားရေတုံ၊ အကြင်လေးစုံသော ယောကျ်ားမြတ်တို့သည်။ အဋ္ဌ ပုရိသ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်အပြား ရေတွက်ငြားသော် ရှစ်ပါးသော အရိယာသံဃာတော်မြတ်တို့ ဖြစ်ကြပါကုန်၏။)

(၅) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သေ-သော သာဝက သံဃော၊ ထိုရှစ်ပါးသော အရိယာ သံဃာတော်မြတ် အပေါင်းသည်။ အာဟုနေယျော၊ ဝေးစွာသော ခရီးထဲမှ ခက်ခဲပင်ပန်းစွာ ဆောင်ယူ၍ လာကြကုန်သော လူဘွယ်ဝတ္ထု အစုစုတို့ကို တခုမကျန် အကုန်အစင် ခံယူခြင်းငှါ ထိုက်တော်မူသောကြောင့်လည်း "**အာဟုနေယျ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၆) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သေ-သော သာဝက သံဃော၊ ထိုရှစ်ပါးသော အရိယာ သံဃာတော်မြတ် အပေါင်းသည်။ ပါဟုနေယျော၊ ညွှန်ကြားတိုးအား လူရန်ထားသည့် စိတ်ညွှတ်ပြီးသားဖြစ်သော ပစ္စည်းဥစ္စာတို့ကိုပင် ခံယူခြင်းငှါ ထိုက်တော်မူသောကြောင့်လည်း "**ပါဟုနေယျ**" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၇) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သေ-သော သာဝက သံဃော၊ ထိုရှစ်ပါးသော အရိယာ သံဃာတော်မြတ် အပေါင်းသည်။ ဒက္ခိဏေယျော၊ အရိယာနှယ်ဝင် သူတော်စင်

ဖြစ်တော်မူ၍ ဖြူစင်မြင့်မြတ်သော အလူကို ခံယူခြင်းငှါ ထိုက်တော်မူသောကြောင့်လည်း "ဒက္ခိဏေယျ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၇) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သေ-ဧသော သာဝက သံဃာ၊ ထိုရှစ်ပါးသော အရိယာ သံဃာတော်မြတ် အပေါင်းသည်။အဠလီ ကရဏီယျာ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဦးခေါင်းညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးဦးတင် ဖူးမြင်ခြင်းငှါ ထိုက်တော်မူသောကြောင့်လည်း "အဠလီ ကရဏီယျ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

(၉) ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သေ-ဧသော သာဝက သံဃာ၊ ထိုရှစ်ပါးသော အရိယာ သံဃာတော်မြတ် အပေါင်းသည်။လောကဿ၊ ချမ်းသာလိုလား လူအများ၏။ အနုတ္တရံ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှုတို့၏ ပြုစုစိုက်ပျိုးရာ လယ်တာမြေကောင်းသဖွယ် ဖြစ်တော်မူ၍ အတုမရှိ လွန်မြတ်သောကြောင့်လည်း "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

ဤတိပိ၊ ဤသို့ ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူသော သံဃာတော် အရှင်မြတ် အပေါင်းကိုလည်း။ အဟံ၊ အဘျိနိပ်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

သစ္စာ ၄-ပါး ဘုရားရှိခိုး

၁ လောဘ ကြည်သော တေဘူမက တရားအပေါင်း သည် ဒုက္ခသစ္စာ မည်၏။

၂ လောဘသည် **သမုဒယသစ္စာ** မည်၏။

၃ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာধိ, ဤမဂ္ဂင်္ဂစ်ပါးသည် **မဂ္ဂသစ္စာ** မည်၏။

၄ နိဗ္ဗာန်သည် **နိရောဓသစ္စာ** မည်၏၊ ဤသစ္စာ ၄-ပါး မြတ်တရားသို့ ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။အဟံ၊ တပည့်တော်သည်။ ဝန্দ্ধာမိ၊ ရှိခိုးပါ၏ ဘုရား။

မှတ်ချက် လူပြိန်းနှားလည်အောင် အကြမ်းဖျင်း ဖွဲ့ထားခြင်းဟု မှတ်ပါ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဝိပဿနာ စိတ္တုပ္ပါဒ်ဌိုင်သော လောကီမဂ္ဂင်ရှစ်ပါးကို ရည်စူးထားသည်။

ခန္ဓာ ၅-ပါး ဘုရားရှိခိုး

ရုပ် နှစ်ဆယ့် ရှစ်ပါးသည် **ရူပက္ခန္ဓာ** မည်၏၊ ဝေဒနာ ဧစေတသိက်သည်ဝေဒနာ၎ နှာမည်၏၊ သညာစေတသိက်သည် **သညာက္ခန္ဓာ** မည်၏၊ ဝေဒနာ,သညာမှကြွင်းသော စေတသိက်

ငါးဆယ်သည် သခ်ၢိရကၠန္ဓာ မည်၏၊ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဏကၠန္ဓာ မည်၏၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပိုင်းခြားရှိသိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။

ဖတ်နည်း သညာကၠန္ဓာ - သင်ညက်, ဟု ဖတ်၊ ဝိညာဏကၠန္ဓာ-ဝိန်ညာဟ့ ဖတ်။

အာဝရုံ ၆-ပါး ဘုရားရှိခိုး

အဆင်းအရောင်သည် ရူပါရုံ မည်၏၊ အသံသည် သဒ္ဒါရုံ မည်၏၊ အနံ့သည် ဂန္ဓာရုံ မည်၏၊ အရသာသည် ရသာရုံ မည်၏၊ ကိုယ်အတွေ့အထိသည် ဖောဋ္ဌဗ္ဗာရုံ မည်၏၊ ကြင်းကျန်သော တရားအပေါ်င်းသည် ဓမ္မာရုံ မည်၏၊ ဤအာဝရုံ ၆-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားရှိ သိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဒါရိုက်ကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ဘုရား။

ဝတ္ထုရှုပ် ၆-ပါး ဘုရားရှိခိုး

စက္ခုဝတ္ထုရှုပ်, သောတဝတ္ထုရှုပ်, ဃာနဝတ္ထုရှုပ်, ဇိဝှါဝတ္ထုရှုပ်, ကာယဝတ္ထုရှုပ်, ဟဒယဝတ္ထုရှုပ် ဤဝတ္ထုရှုပ် ၆-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားရှိသိရန် ဟောကြားတော်မူသော

မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ အရှင်ဘုရား။

ဖတ်နည်း ဒီ၇၂-ဒီန်၇၂-ဟု ဖတ်။

ဒ္ဓါရ ၆-ပါး ဘုရားရှိခိုး

စက္ခုဒ္ဓါရ, သောတဒ္ဓါရ, ဃာနဒ္ဓါရ, ဇိဝှါဒ္ဓါရ, ကာယဒ္ဓါရ, မနောဒ္ဓါရ ဤဒ္ဓါရ ၆-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားရှိ သိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ ဘုရား။

ဝိညာဉ် ၆-ပါး ဘုရားရှိခိုး

စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ် ဤဝိညာဉ် ၆-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားရှိသိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ အရှင်ဘုရား။

ဖတ်နည်း ဝိညာဉ်ကို ဝိန်ညင်ဟု ဖတ်။

ဖဿ ၆-ပါး ဘုရားရှိခိုး

စက္ခုဿမ္ဖဿ, သောတဿမ္ဖဿ, ဃာနဿမ္ဖဿ, ဇိဝှါဿမ္ဖဿ, ကာယဿမ္ဖဿ, မနောဿမ္ဖဿ ဤဖဿ ၆-ပါး

ပရမတ္ထတရားတို့ကို ပိုင်းခြားရှု သိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ အရှင်ဘုရား။

ဝေဒနာ ၆-ပါး ဘုရားရှိခိုး

စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှါသမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ ဝေဒနာ ဤဝေဒနာ ၆-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားရှုသိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ အရှင်ဘုရား။

ဖတ်နည်း ဇိဝှါ-ကို ဇိန်ဝှါဟု ဖတ်ပါ။ ဝ+ဟ=ဝှ၊ ၂-လုံးဆင့် ဖြစ်သည်။

ပသာဒရုပ် ၅-ပါး ဘုရားရှိခိုး

စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ် ဤပသာဒရုပ် ၅-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားရှုသိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ သဒ္ဓါရိုကျိုး လက်စုံမိုးရှိ ရှိခိုးပါ၏ အရှင်ဘုရား။

ဟိတ် ၆-ပါး ဘုရားရှိခိုး

လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘ ဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ဤဟိတ် ၆-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားမှတ်သိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးမှ ရှိခိုးပါ၏ အရှင်ဘုရား။

အာယတန ၁၂-ပါး ဘုရားရှိခိုး

စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါ ယတန, ကာယာယတန,မနာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ဤအာယတန တဆယ့်နှစ်ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားမှ သိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးမှ ရှိခိုးပါ၏ အရှင်ဘုရား။

ဓာတ် ၁၈-ပါး ဘုရားရှိခိုး

စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ဓမ္မဓာတ်, စက္ခုဝိညာဏဓာတ်, သောတ ဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်,

ကာယဝိညာဏခေါတ်, မနောခေါတ်, မနောဝိညာဏခေါတ် ဤခေါတ် ၁၀-ပါး ပရမတ္ထတရားတို့ကို ပိုင်းခြားမြင် သိရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးမြင် ရှိခိုးပါ၏ အရှင်ဘုရား။

ဖတ်နည်း ဝိညာဏကို ဝိန်ညာဏ-ဟု ဖတ်။

မဂ္ဂင် ၈-ပါး ဘုရားရှိခိုး

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤမဂ္ဂင် ၈-ပါး ပရမတ္ထတရားတို့ကို ပွားများအားထုတ်ရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးမြင် ရှိခိုးပါ၏ အရှင်ဘုရား။

ဗောဇ္ဈင် ၇-ပါး ဘုရားရှိခိုး

သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိ သမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိ သမ္ဗောဇ္ဈင်, ဥပေက္ခာ သမ္ဗောဇ္ဈင် ဤဗောဇ္ဈင် ၇-ပါး မြတ်တရားတို့ကို ပွားများကြရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးမြင် ရှိခိုးပါ၏ အရှင်ဘုရား။

ပဋ္ဌိစ္စသမုပ္ပါဒ် ဘုရားရှိခိုး

အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာဏံ,ဝိညာဏပစ္စယာ နာမရူပံ, နာမရူပ ပစ္စယာ သဠာယတန, သဠာယတနပစ္စယာ ဖဿော, ဖဿ ပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ ဤ ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်တရားကို ဖြတ်တောက် ပယ်ရှားရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုးချ ရှိခိုးပါ၏၊ အရှင်ဘုရား။

ဉာဏ်စဉ် ၁၆-ပါး ဘုရားရှိခိုး

၁ - နာမရူပ ပရိစ္ဆေဒ ဉာဏ်၊ ၂ - ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ၃-သမ္မသနဉာဏ်၊ ၄-ဥဒယဗ္ဗယဉာဏ်၊ ၅-ဘင်္ဂဉာဏ်၊ ၆-ဘယဉာဏ်၊၇-အာဒီနဝဉာဏ်၊၈-နိဗ္ဗိဒဉာဏ်၊၉-မုစ္စိတုကမ္မတာဉာဏ်၊ ၁၀-ပဋိသင်္ခါဉာဏ်၊ ၁၁-သင်္ခါရုပေက္ခာဉာဏ်၊ ၁၂-အနုလောမဉာဏ်၊ ၁၃-ဂေါတြဘူဉာဏ်၊ ၁၄-မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ၁၆-ပစ္စဝေက္ခဏာဉာဏ် ဤ ဝိပဿနာ ဉာဏ်စဉ် ၁၆-ပါးကို ဟောကြား ပြသတော်မူသော မြတ်စွာဘုရား သခင်အား။

အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဝဋ် ၃-ပါး ဘုရားရှိခိုး

လောဘ အစရှိသော ကိလေသာ ဆယ်ပါး အယုတ်တရားသည် "ကိလေသဝဋ်" မည်၏။

ထို ကိလေသာ ဆယ်ပါးဖြင့် ပြုလုပ်သော ကံဟူသမျှသည် "ကမ္မဝဋ်" မည်၏။

ထို ကမ္မဝဋ်ကြောင့် ရရှိလာဒသာ ရုပ်နာမ်ခန္ဓာ ဟူသမျှတို့သည် "ဝိပါကဝဋ်" မည်၏၊ ဤ ဝဋ် ၃-ပါးမှ ဖယ်ရှားလွှတ်မြောက်ရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ကိလေသာ ၁၀-ပါး ဘုရားရှိခိုး

လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဤကိလေသာဆယ်ပါး အယုတ်တရားကို ရှောင်ရှား ပယ်ခွါရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဒုစရိုက်တရား ၁၀-ပါး ဘုရားရှိခိုး

(၁) ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ်လေးပါးသို့ လားစေတတ်သော ဒုစရိုက်တရား ၁၀-ပါး ဟူသော်ကား- ပါဏာတိပါတာ၊ သူတပါး၏ အသက်ကို သတ်ခြင်း တပါး။

(၂) အဒိန္နာဒါနာ၊အရှင်မပေးသော သူတပါး၏ ဥစ္စာကို ခိုးဝှက်, လုယူခြင်း တပါး။

(၃) ကာမေသု မိစ္ဆာစာရာ၊ အုပ်ထိန်းခြင်းရှိသော မိန်းမများကို ကျူးလွန်ပြစ်မှားခြင်း တပါး၊ ဤသုံးပါးကား မကောင်းမှုကို ကိုယ်ဖြင့် ကျူးလွန် ပြစ်မှားခြင်းကြောင့် ကာယဒုစရိုက် သုံးပါးမည်၏။

(၄) မုသာ ဝါဒါ၊ မဟုတ်မမှန်သော စကားကို အမှန်ဟုတ် ပြုလုပ်ပြောဆိုခြင်း တပါး။

(၅) ပိသုဏာ ဝါစာ၊ သူနှစ်ဦးတို့ မေတ္တာကင်းအောင် အတင်းစကား ပြောကြား ကုန်းတိုက်ခြင်း တပါး။

(၆) ဖရုသ ဝါစာ၊ အကြမ်းအတန်း ငေါက်ငမ်း ဆဲရေးခြင်း တပါး။

(၇) သမ္ဖပ္ပလာပ ဝါစာ၊ အပေါ့အဖျင်း အနှစ်ကင်းသော စကားကို ပြောဆိုခြင်း တပါး၊ ဤ ၄-ပါးကား မကောင်း

မှုကို နှုတ်ဖြင့် ကျူးလွန် ပြစ်မှားခြင်းကြောင့် ဝစီဒုစရိုက် ၄-ပါး မည်၏။

(၈) အဘိဇ္ဈာ၊ သူ့စည်းစိမ်ဥစ္စာကို ကိုယ့်ဟာ ဖြစ်လာသော် တော်လေစွဟု စိတ်က ကြံဆောင်ခြင်း တပါး။

(၉) ဗျာပါဒ၊ သူတပါးအား သေကျေ ပျက်စီးသွားအောင် စိတ်က ကြံဆောင်ခြင်း တပါး။

(၁၀) မိစ္ဆာဒိဋ္ဌိ၊ မှားသော အယူကို ယူခြင်း တပါး၊ ဤ ၃-ပါးကား မကောင်းမှုကို စိတ်ဖြင့် ကြံစည် ကျူးလွန်သောကြောင့် မနောဒုစရိုက် သုံးပါးမည်၏။ ဤဆယ်ပါးသော ဒုစရိုက်တရားကို ရှောင်ရှားရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ပုညကိရိယာဝတ္ထု ၁၀-ပါး ဘုရားရှိခိုး

(၁) လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစေတတ်သော ပုညကိရိယာဝတ္ထု ဆယ်ပါးဟူသည်ကား-ဒါန၊ သဒ္ဓါကြည်ဖြူ ပေးလှူပူဇော်ရခြင်း တပါး။

(၂) သီလ၊ ကာယ ဝစီ ခုနစ်လီသော ဒုစရိုက်တရားကို ရှောင်ရှားရခြင်း တပါး။

(၃) ဘာဝနာ၊ သမထ ဝိပဿနာ ထိုးနှစ်ဖြာကို လေ့လာပွားများရခြင်း တပါး။

(၄) အပ စာယန၊ အသက် သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကို ရိုသေလေးစားရခြင်း တပါး။

(၅) ဝေယျာဝစ္စ၊ ကုသိုလ်ဖြစ်ဘွယ် အမှုကြီးငယ်တို့ကို သည်ပိုးရှက်ဆောင်ပေးရခြင်း တပါး။

(၆) ပတ္တိ ဒါန၊ မိမိပြုရ ကုသလကို အမျှပေးဝေရခြင်း တပါး။

(၇) ပတ္တာနုမောဒန၊ သူတပါးပြု မြတ်ကောင်းမှုကို ကောင်းချီးနှုမော် သာဓုခေါ်ရခြင်း တပါး။

(၈) ဓမ္မ သဝန၊ ဘုရားစကား မြတ်တရားကို သင်ကြား နာယူရခြင်း တပါး။

(၉) ဓမ္မ ဒေသနာ၊ ဘုရားစကား မြတ်တရားကို ဟောကြား ပြသပေးရခြင်း တပါး။

(၁၀) ဒိဋ္ဌုကမ္မ၊နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ဖြောင့်မှန်စွာ ယူရခြင်း တပါး၊ ဤဆယ်ပါးသော ကုသလ ကမ္မပထ တရားကို ပွားများအားထုတ်ရန် ဟောကြားတော်မူသော မြတ်စွာဘုရားသခင်အား။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မှတ်ချက် ၎င်းကိုပင် "ကုသလ ကမ္မပထတရား" ဆယ်ပါး ဟူ၍လည်း ခေါ်ကြလေသည်၊ ပုညကိရိယာနှင့် အတူတူပင် မှတ်ပါ။

ယောဂီသိထားရန် ပဓာနိယင်္ဂတရား ၅-ပါး

သမထ ဝိပဿနာ ဘာဝနာတရား အားထုတ်သူ ယောဂီ မျှား ရှိထားရမည့် အင်္ဂါ ၅-ပါးဟူ၏၊ ၎င်းကို ကမ္မဋ္ဌာန်း သမား၏ အင်္ဂါ ၅-ပါးဟုလည်း သိမှတ်ရသေးသည်။

မဇ္ဈိမပဏ္ဏာသ ပါဠိတော်။ ။(ဆဋ္ဌမ ရာဇဝဂ် စာမျက်နှာ ၂၉၈ - ၂၉၉)

(၁) သဒ္ဓါ၊ ရတနာ ၃-ပါး၏ ဂုဏ်ကို ယုံကြည်လေးစားခြင်း။

(၂) အပ္ပါဗာဓ တာ၊ အနာရောဂါမရှိ ကျန်းမာခြင်း။

(၃) အ သဌ တာ၊ စိတ်ထားဖြောင့်မတ် တော်တည့် ရိုးသားခြင်း၊ (မိမိတွေ့မြင်သောတရားဌ ကြားဝါ စဉ်းလဲမှုမရှိ ပကတိ ရိုးသားစွာ ပြောဆို အစစ်ခံ ခြင်းကို ဆိုသည်။)

(၄) အာရဒ္ဓ ဝီရိယ တာ၊ ဝီရိယအင်္ဂါ ၄-ပါးနှင့် ညီစွာ အထူးကြိုးစား အားထုတ်ခြင်း။

(၅) ဥဒယတ္ထ ဂါမိနီ ပညာ၊ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပုံ ပျက်ပုံ သဘာဝလက္ခဏာကို ထိုးထွင်း သိမြင်နိုင် သော သုတမယပညာရှိခြင်း၊ (ပရမတ္ထတရား ရုပ် နာမ် ဓမ္မမျှားကို ကဲ့ပြားစွာ သိအောင် ကြိုတင်ကာ နာယူ သင်ကြား မှတ်သား ထားခြင်း မျှားကို ဆိုသည်။)

ယောဂီသိထားရန် အရိယာမျိုး ၄-ပါး

ယောဂီရဲ့ကိုယ်ကို ငါဟာ ဘာအရိယာလဲ ?ဟု စစ်ဆေးပါလေ၊ ၄-နံပါတ် အရိယာမျိုးကိုသာ အထူးသဖြင့် ချီးမွမ်းအပ် မြတ်သော အရိယာအစစ်ဟု အလိုရှိကြသည်။

(၁) အာစာရ အရိယာ၊ မြတ်သော အကျင့်တရားကို ကျင့်ကြံပွားများ အားထုတ်နေသူ (လူ, ရဟန်း, တိရစ္ဆာန်,စသည်)

(၂) ဒဿန အရိယာ၊နေထိုင်ရေး ဣရိယာပထ ၄-ပါးနှင့် ပြောဆို စားသောက် ကြည့်ရှုပုံကိုပါ မြင်ရသူတိုင်း ကြည်ညိုစရာကောင်းသော လူ, ရဟန်း, တိရစ္ဆာန်, စသည်။

(၃) လိင် အရိယာ၊ရဟန်းတော်မြတ်များနှင့် ဝတ်ရုံခြင်း အသွင်အပြင်တူသော ပုဂ္ဂိုလ်များ။

(၄) ပဋိဝေဓ အရိယာ၊ အရိယာရှစ်ယောက်နှင့် ဘုရားပစ္စေကဗုဒ္ဓါ အရှင်သူမြတ်များ။

အထူးသိမှတ်ထားရန်
အရိယာဖြစ်ကြောင်းတရား ၄-ပါး

ယောဂီတိုင်း သိမှတ် သင်ကြား လိုက်နာ ပြုကျင့်သွားရမည့် စည်းမျဉ်း ဥပဒေအဖြစ်နှင့် မဟာဝဂ္ဂ သံယုတ်ပါဠိတော်

သင်္ဂီတိသုတ် ပါဠိတော်တို့၌ ဟောကြားတော် မူခဲ့သည့် ပဋ္ဌိဝေဓ အရိယာဖြစ်ကြောင်းဟု မှတ်ပါ။

(၁) သပ္ပုရိသ သံသေဝ၊ မင်္ဂ ဖိုလ် နိဗ္ဗာန် တရားမှန်ကို နည်းညွှန်လမ်းပြ ဆိုဆုံးမတတ်သော သူတော်ကောင်းတို့ကို ပေါင်းသင်းမှီဝဲ ဆည်းကပ် ခ,စားမှုပြုရခြင်း။

(၂) သဒ္ဓမ္မ သဝန၊ ရူပ်နာမ်ခန္ဓာ ဝိပဿနာ တရားတော်မျှားကို နာယူသင်ကြား လေ့လာထားမှုမျှား ရှိရခြင်း။

(၃) ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ မင်္ဂဖိုလ်ရကြောင်း အကျင့်ကောင်း အကျင့်မှန်တို့ကို ကျင့်ကြံ ပွားများကြိုးစားအားထုတ်မှုရှိခြင်း။

(၄) ယောနိသော မနသိကာရ၊ ရူပ်နာမ်ဓမ္မတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ,ထင်ရန် ဆင်ခြင်ဉာဏ်ဖြင့် မှန်ကန်တော်တည့်စွာ နှလုံးသွင်းတတ်မှု ရှိရခြင်း။

ယောဂီသိထားရန် သောတာပန်၏ အင်္ဂါ ၄-ပါး

မိမိကိုယ်ကို သောတာပန် ဟုတ်,မဟုတ် အောက်ပါ အင်္ဂါ ၄-ပါးနှင့် ဆင်ခြင်သုံးသပ် စစ်ဆေးကြည့်ရှု ဝေဘန်ရမည်ဟု မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဟောကြားတော်မူလေသည်။

(၁) ဗုဒ္ဓေ အဝေစ္ဆ ပသာဒ သမန္နာဂတာ၊ ဘုရားဌ် မတုန်မလှုပ် ကြည်ညိုလေးစားခြင်း။

(၂) ဓမ္မေ အဝေစ္ဆ ပသာဒ သမန္နာဂတာ၊ တရားတော်ဌ် မတုန်မလှုပ် ကြည်ညိုလေးစား ပွားများ အားထုတ်ခြင်း။

(၃) သံဃေ အဝေစ္ဆ ပသာဒ သမန္နာဂတာ၊ သံဃာတော်ဌ် မတုန်မလှုပ် ကြည်ညိုလေးစားခြင်း။

(၄) အရိယာ ကန္တ သီလေဟိ သမန္နာဂတာ၊ ငါးပါးသီလ အာဇီဝဌမကသီလ တို့ကို အသက်ပမာ ဖြူစင်စွာ စောင့်ထိန်းလုံခြုံစေခြင်း။

ယောဂီသီထားရန် စေတော ဝိနိဗဒ္ဓတရား ၅-ပါး

ဘာဝနာအလုပ်သို့ မရောက်နိုင်အောင် စိတ်ကို နှောင့်ဖွဲ့တတ်သော တရားငါးပါး ဟူ၏၊ ၎င်းကိုလည်း ယောဂီများ သတိထား ရှောင်ကြဉ်ရမည်၊ အဂုံတွဲရပါ၏။ ဒု-စာမျက်နှာ ၂၁၈-ဌ် အကျယ်ရှုလေ။

(၁) ဆွမ်း,သက်နှံ, ကျောင်း, ဆေး,စားရေး, နေရေးဌ် သာယာသော တဏှာ၊ အိုး,အိမ်,ရွှေ,ငွေ,လယ်ယာ ပစ္စည်းဥစ္စာဌ် သာယာစွဲလမ်းနေသော တဏှာ။

(၂) မိမိတို့ ကိုယ်ခန္ဓာ၏ ချမ်းသာမှု သုခ ဝေဒနာ ကလေးခ္ဍ သာယာ စွဲမက်နေသော တဏှာ။

(၃) မိမိ တရားအားထုတ်ခဲ့သော် စားအိပ်နေထိုင်မှုတို့ အတွက် ပျက်စီးဆင်းရဲမည့်အရေးကို အလေးဂရု ပြုသော တဏှာ။

(၄) မိမိ၏ ကိုယ်ရည်ကိုယ်သွေး လှုပရေးနှင့် ရုပ်ဆင်း အင်္ဂါ လှုပနေဘို့ရာ အတွက် မပျက်စီးရအောင် စွဲမက်သော တဏှာ။

(၅) မိမိ၏ သီလဖြည့်ကျင့်မှု, ဘာဝနာတရား ကြိုးစား အားထုတ်နေမှု,သည် ယခုဘဝ၌ မင်္ဂ ဖိုလ် နိဗ္ဗာန် ရရန်မဟုတ်၊ အစားချောင် ကုသိုလ်ရ လူနတ်ဘဝ ရရုံမျှသာဟု စိတ်ထားကျင့်ကြံခြင်း။

ယောဂီသိထားရန် ဝိရိယ၏ အင်္ဂါ ၄-ပါး

မင်္ဂ ဖိုလ် နိဗ္ဗာန်ကို လိုလားသော ယောဂီမျှားသည် အောက်ဖေါ်ပြပါ ဝိရိယတရား၏ အင်္ဂါ ၄-ပါးနှင့်အညီ ဝိရိယ ပါရမီကို ဖြည့်ကျင့်ဆည်းပူး အထူးကြိုးစား၍ အားထုတ် ရမည် ဟူ၏။ (အင်္ဂုတ္တရ အဋ္ဌကထာ-၃)

(၁) အရေသာ ကြင်းကျန်ခြင်းသို့ ရောက်ပါစေ၊ မင်္ဂဖိုလ် မရက ၀ါ မထပါ။

(၂) အကြောသာ ကြွင်းကျန်ခြင်းသို့ ရောက်ပါစေ၊ မဂ် ဖိုလ်မရက ငါ မထပါ။

(၃) အရိုးသာ ကြွင်းကျန်ခြင်းသို့ ရောက်ပါစေ၊ မဂ်ဖိုလ် မရက ငါ မထပါ။

(၄) အသား အသွေးတွေ ခြောက်ကပ်ခြင်းသို့ ရောက်သည့် တိုင်အောင် ငါ၏ လုံ့လ ဝီရိယကိုတော့ မလျှော့ပါ၊ မဂ်ဖိုလ်ရအောင် ကြိုးစား၍ အားထုတ်ကာ သွားမည်သာ ဟူသော ဇွဲနပဲ ဝီရိယမျိုး။

ယောဂီသိထားရန် ဥပါသကာ အင်္ဂါ ၅-ပါး

သရဏဂုံ ၃-ပါးကို ကိုးစား ယုံကြည် ဆောက်တည် ဆည်းကပ်တတ်သော ဒါယကာ ယောကျ်ား ဒါယိကာ မိန်းမ တို့ကို ဥပါသကာ, ဥပါသိကာ,ဟု ခေါ်၏။

ထို ဥပါသကာ, ဥပါသိကာ, အခေါ်ခံသူ(သမ္မာဒိဋ္ဌိလူမျိုး) တဦးတယောက်သည် အောက်ပါ အင်္ဂါ ၅-ပါးနှင့် ညီ မညီ မိမိကိုယ်ကို စစ်ဆေး ကြည့်ရှုရမည်၊ မညီသေးလျှင် ဗုဒ္ဓ ဘာသာစစ် (သမ္မာဒိဋ္ဌိအယူစစ်)မဟုတ်သေး, ဟု မှတ်ပါ။

(၁) ရတနာ ၃-ပါး ကံ ကံ၏ အကျိုးတရားကိုသာ ယုံကြည်ကိုးစား အားထားဆည်းကပ် ပြုလုပ်ခြင်း။

(၂) ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး,စသော ကိုယ်ကျင့်သီလတရားများနှင့် ပြည့်စုံရခြင်း။

(၃) အာဇာနံ ၅-ပါး ကာမဂုဏ်တရားများ ဖြစ်ကြသော မြင်မှု, ကြားမှု, စသည့် ဒိဋ္ဌ, သုတ, မုတ, တို့ကို စွဲကာ ဤ ဟာက ကောင်းသော အာရုံအမြင် ကောင်းတဲ့ မင်္ဂလာ၊ ဤ ဟာက မကောင်းသော အသံ, မကောင်းတဲ့ အမင်္ဂလာတွေ့ စသည်ဖြင့် လောက၏ ကောင်းသော နိမိတ်, မကောင်းသော နိမိတ်တို့ကို မယုံကြည် မယူ မစွဲတောဲ့ခြင်း။

(၄) ရတနာ ၃-ပါးဌ် ယုံကြည် ကိုးစား ပူဇော်ပသမှု ပြုဘွယ်ကိစ္စမှ တပါးသော စုန်း,နတ်,ဝိဇ္ဇာ, ယာတြာ, ဓာတ်ရိုက်, အစိမ်းတိုက်, ပွဲတင်, ဗေဒင်, တို့ကို မယုံကြည် မကိုးစားတောဲ့ခြင်း။

(၅) မြတ်စွာဘုရားသခင်၏ အဆုံးအမတော် သာသနာ့နယ်မြေ အတွင်းမှာသာ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူး ရှာမှီး၍ နေတောဲ့ခြင်း။

အို....**ယောဂီသူမြတ်** ယောဂီ၏ ကိုယ်ကို ငါဟာ သမ္မာ ဒိဋ္ဌိ ဘာသာဝင် ဖြူစင်သန့်ရှင်းတဲ့ ယောဂီအစစ်ဟုတ်ရဲ့လား?

ယောဂီစစ်စစ်ဟာ အထက်ဖေါ်ပြပါ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံရပေမည်။

မိမိအတွက် ဥပါသကာယောဂီ စစ်-မစစ်ကို အထက်ပါ (နံပါတ် ၄-နှင့် နံပါတ်-၄)မှတ်ကျောက်တို့အပေါ်မှာ တင်ပြီး စစ်ဆေးကြည့်လိုက်ပါ။

အကယ်၍ ချွတ်ချော်မှားယွင်းနေတာ တွေ့ရရင် အမြန်ပြုပြင်လိုက်ပါ၊ ဘုရားသာသနာ အခွင့်ကောင်းကြီးနှင့် တွေ့ကြုံရတဲ့အခါ ညာဝါပြီးတော့ဖြင့် နတ် ယောင်ယောင်, ဝိဇ္ဇာ-ယောင်ယောင်, မှော်ဂိုဏ်းယောင်ယောင်, ကမ္မဋ္ဌာန်း ယောင်ယောင်, ဖြစ်တဲ့ ဗုဒ္ဓဘာသာ အတုအယောင် လုပ်မနေစမ်းပါနဲ့ ယောဂီ။

ဘုရားဟော ဝိပဿနာ လုပ်ငန်းနှင့်

ဥဒယဝယ ဉာဏ်စဉ်

တပါးကို

ဆရာတော် ဦးသြဘာသ က ထုတ်နုတ်ပြဆိုထားသည်။

ပဋ္ဌကိစ္စ

ဝိပဿနာ အလုပ်စခန်းကို ဝင်လိုသော သူတော်ကောင်းသည် ဤစာတမ်းဌ ဖေါ်ပြထားခဲ့သော ခန္ဓာ နာမ်ရုပ်တို့ကို အရကျက်မှတ်ပြီး ထိုနာမ်ရုပ်တို့၏ သဘောသွေးကို မိမိတို့ဆိုင်ရာ တတ်သိလိမ္မာသော ဆရာသမားများထံ ပရိယတ္တိ အခြေခံရှိအောင် မေးမြန်း စုံစမ်း ဆွေးနွေး သင်ကြားရှု ရုပ်နာမ်တို့၏ သဘောလက္ခဏာမှန်ကို သုတမယဉာဏ် "တဆင့် ကြားဉာဏ်"ဖြင့် သိအောင်လုပ်ထားပါ၊ ဤသို့ သိပြီးသော ယောဂီသည် တရားမထိုင်မီ ရှေးဦးစွာ....

(၁) ရတနာ၃-ပါး ဆရာသမားတို့၏ဂုဏ်တော်ကျေးဇူးတော်တို့ကို အောက်မေ့တသ အမှတ်ရလျက် ရိုသေ လေးစားစွာ ရှိခိုးပါ မြတ်နိုးပါ ပူဇော်ပါ ကန်တော့ပါ၊ ပြီးလျှင်....

(၂) မိမိတတ်အားသမျှ ၅-ပါး, ၈-ပါး,၉-ပါး,၁၀-ပါး, အာဇီဝဋ္ဌမက, သီလများကို ခံယူဆောက်တည် ကျင့်သုံးပါ၊ ပြီးလျှင်....

(၃) သတ္တဝါအနန္တတို့အား ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ချမ်းသာကြစေရန် အောက်ပါ မေတ္တာကမ္မဋ္ဌာန်းကို အနည်းဆုံး ၉-ကြိမ်မျှ နှုတ်ဖြင့် ရွတ်ဆို ပွားများပါ။

သတ္တဝါများ အပေါင်းတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ပြီးလျှင်....

(၄) ယောဂီ တရားထိုင်သောအခါ အားတက်မှု ရဲရင့်မှု ရစေရန်နှင့် ငါ့ကိုယ်စွဲ ငါ့ဟာစွဲ ကင်းလွတ်မှုအတွက် အောက်ပါ အတိုင်းနှုတ်ဖြင့်ရွတ်ဆိုရ မြတ်စွာဘုရားအားဂုဏ်း,ဆရာသမားအားဂုဏ်း, ခန္ဓာကိုယ်ကို အပ်နှင်း လှူဒါန်းပါ။

မြတ်စွာဘုရား တပည့်တော်၏ ခန္ဓာ ၅-ပါး ရူပ်နာမ် ၂-ပါးကို ယခု တရားအားထုတ်ဆဲ ခဏ၌ မြတ်စွာ ဘုရား သခင်အား နိဗ္ဗာန်ကို ရည်မှန်းရ လှူဒါန်းပါ၏ အရှင်ဘုရား။

ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော ဆရာတော် အရှင်သူမြတ် ဘုရား ဘုရားတပည့်တော်၏ ခန္ဓာ ၅-ပါး ရူပ်နာမ် ၂-ပါးကို ယခု တရားအားထုတ်ဆဲ ခဏ၌ နိဗ္ဗာန်ကို ရည်မှန်းရ ဆရာတော်ဘုရားအား လှူဒါန်း အပ်နှင်းပါ၏ ဘုရား။

ဤတွင် တရားမထိုင်မီ ရှေးဦးစွာ ပြုလုပ်ရမည့် "ပုဗ္ဗကိစ္စ" လုပ်ငန်းရပ်များ ပြီး၏။

ဝိပဿနာ အလုပ်စခန်း တက်လှမ်းရန်

ယောဂီဟာ အသက်ရှူနေတဲ့ သူတဦးဖြစ်တယ် ဆိုတာကို သိထားပါ၊ ဝင်လေ ထွက်လေဟာလဲ အသက်ရှူသူတိုင်းရဲ့ နှာခေါင်းပေါက်ကို တိုးတိုးပြီး ဝင်လိုက် ထွက်လိုက် ဖြစ်ဖြစ်နေတာကို ယောဂီ သတိထားကြည့်ရင် သိနိုင်ပါတယ်။

သည် အသက်ရှူရတဲ့ ကိစ္စဟာလဲ အထူးအားထုတ်ပြီး ကြိုးကြိုးစားစားနှင့် လုပ်ယူနေရတဲ့ ကိစ္စရပ်မျိုး မဟုတ်ပါဘူး၊ အမြဲ ဖြစ်ဖြစ်နေတဲ့ ကိစ္စပါ။

ကိုင်း....ယောဂီ တင်ပလွင်ခွေ ထိုင်ပါ၊ ကိုယ်ကို မတ်မတ်ထားပါ၊ ကျောမရိုးကြီးဟာ ဖြောင့်နေပါစေ၊ ဒါမှ ထွက်လေ ဝင်လေဟာ သက်သာချောင်ချိမည်။

အဲသည် ထွက်လေ ဝင်လေက နှာသီးဖျား နှာခေါင်းဖျား နှာနုသားကလေးကို တိုးတိုး ထိထိ သွားတာကို ထိတိုင်း ထိတိုင်း သိအောင် စိတ်ကို နှာခေါင်းဖျားမှာ အသင့်စောင့်ထားကာ ထိ သိ, ထိ သိ, ထိ သိ,ဟု ရှုမှတ်နေပါ၊ မမေ့တဲ့ သတိတရားနှင့် ကြိမ်ဖန်များစွာ ရှုမှတ်နေပါ၊ ထိတိုင်း ထိတိုင်း **သိ သိနေအောင် စူးစိုက် ရှုမှတ် ပွားများနေပါ။**

အဲသည် မမေ့မှုကို အထူး သတိရှိနေဘို့ကဝေဘ့ ယောဂီရဲ့ အထူးအားထုတ် ကြိုးစား လုပ်ယူရမည့် "သမ္မာဝါယာမ မဂ္ဂင်" လုပ်ငန်းရပ်ကြီးပါဘဲ။

ပဌမ အကျိုး

အဲသည် ထိသိမှု တခုတည်းကိုဘဲ အာရုံစွဲပြီး ဘာဝိတာ= ထပ်ပြန်တလဲလဲ ရှုမှတ်နေတဲ့ ယောဂီဟာ, ဗဟုလီကတာ= အကြိမ်များစွာ သိန်း သန်း ကုဋေ ရှုမှတ်ပွားများနေတဲ့ ယောဂီဟာ ထိသိမှု တခုထဲမှာသာ စိတ်ဟာ ရပ်တည်နေလို့....

(၁) **ကာမဝိတက်** ခေါ်တဲ့ အာရုံ ၅-ပါး ကာမဂုဏ်တရား တွေနှင့် စပ်တဲ့ ကြံစည် စဉ်းစား စိတ်ကူးမှုမျိုး ကာမ ဝိတက်တွေ မလာ မကပ်တော့ဘူး "**လောဘ ကိလေ သာကို**" ပယ်သတ် ထားနိုင်တဲ့ အကျိုး။

(၂) **ဗျာပါဒဝိတက်** ခေါ်တဲ့ သူတပါးအား သေကြေ ပျက်စီးကြောင်း ကြံစည် စဉ်းစား စိတ်ကူးမှုမျိုး ဗျာပါဒ ဝိတက်တွေဟာလဲ မလာ မကပ် တော့ဘူး၊ "**ဒေါသ ကိလေသာ တွေကို**" ပယ်သတ် ထားနိုင်တဲ့ အကျိုး။

(၃) **ဝိဟိံသာ ဝိတက်** ခေါ်တဲ့ သူတပါးအား ကိုယ်စိတ် ဆင်းရဲသွားအောင် ညှဉ်းဆဲ နှိပ်စက်မှု၌ ကြံစည်

စိတ်ကူးခြင်းမျိုး ဝိဟိ သာ ဝိတက်တွေဟာလဲ မလာ မကပ်တော့ဘူး၊ "ဒေါသ ကိလေသာတွေ" ဖြစ်ပေါ် ဖြစ်ပေါ် မလာအောင် ပယ်သတ်ထားနိုင်ခြင်းအကျိုး။

ဤ ဖေါ်ပြပါ အကျိုးတရားများတွေကို ကိုယ်တိုင်ဒိဋ္ဌ တွေ့ရှိ ခံစားရပါလိမ့်မည်၊ ဤသည်တို့ကား ယောဂီ၏ ပဌမ ခံစားခွင့် အကျိုးများ ဖြစ်ကြ၏။

ဒုတိယ အကျိုး

ပြဆို စေခိုင်းခဲ့ပြီး အတိုင်း ထွက်လေ, ဝင်လေတို့၏ အထိ သဘောကလေးကို မမေ့မလျော့ဘဲ ထပ်ပြန်တလဲလဲ အကြိမ် ပေါင်း သိန်း သန်း ကုဋေ မက ဘာဝိတာ, ဗဟုလီကတာ, ပြုပြီး ရှုမှတ်ပွားများနေတဲ့ ယောဂီဟာ သတိနှင့် သမာဓိ တရား အားကောင်းလာပြီဖြစ်ရကား နောက်နောက်က မိမိ လေ့လာ လိုက်စား ကြားနာခဲ့ရဘူးတဲ့ ရူပ်သဘော နာမ် သဘောတွေ့ရှိ ကဲ့ပြားမှု ခြားနားမှု သုတမယ အသိဉာဏ်တွေ ထင်လာ ဝင်လာ မြင်လာ ပေလိမ့်မည်။

ရူပ ပရိစ္ဆေဒ ဉာဏ်ထင်လာပုံ

ဩော်.... လေ ခေါ်တဲ့ ဝါယောဓာတ်ရူပ်က နှာနုသားခေါ်တဲ့ ကာယဓာတ်ရူပ်ကို လာ လာ ထိနေတာဘဲ၊ ရူပ် ဓာတ်က ရူပ်ဓာတ်ကို ထိနေတာဘဲ၊ ငါ့ကို ထိနေတာမဟုတ်၊

ငါမရှိ၊ ရူပ်သာ ရှိနေတာဘဲဟု ရူပ်အစစ်ကို ပိုင်းခြားပြီး သိမြင် ထင်လာတဲ့ဉာဏ် ဖြစ်ပေါ်လာလိမ့်မည်။

အဲသည် ဉာဏ်ဟာ ယောဂီတို့အဖို့ အလွန် တန်ဘိုးရှိတဲ့ "ရူပ ပရိစ္ဆေဒ"ဉာဏ်ဘဲ။

နာမ ပရိစ္ဆေဒ ဉာဏ်ထင်လာပုံ

အင်း....ရူပ်ဓာတ် ရူပ်ဓာတ်ချင်း ထိထိသွားတဲ့အထိသဘော ကလေးတွေကို လိုက်လိုက်ပြီး သိသိနေတဲ့ စိတ်ဓာတ်ဟာက နာမ်တရားဘဲ၊ ငါသိတာ မဟုတ်၊ ငါမရှိ၊ နာမ်သာ ရှိနေ တာပါကလား....ဟု နာမ်တရားအစစ်ကို ပိုင်းခြားပြီး သိမြင် ထင်လာတဲ့ ဉာဏ်ကလေး ဖြစ်ပေါ်လိမ့်မည်။

အဲသည် ဉာဏ်ဟာ ယောဂီအတွက် အလွန်ထက်မြက် တန်ဘိုးရှိတဲ့ "နာမ ပရိစ္ဆေဒ"ဉာဏ်ဘဲ။

နာမ ရူပ ပရိစ္ဆေဒ ဉာဏ်ထင်လာပုံ

အဲသည်လို ထိထိသွားတာက ရူပ်သဘောဘဲ, ထိတာကို သိသိသွားတာက နာမ်သဘောဘဲ ဟု ရူပ်နာမ် ၂-ပါးကို ပိုင်းခြား ကဲ့ပြားပြီး အမှန်သိလာတဲ့ ဉာဏ်ဟာ အလွန် ကြီးကျယ် မွန်မြတ်တဲ့ "နာမရူပ ပရိစ္ဆေဒဉာဏ်"ဘဲ၊ ယောဂီ အတွက် အတိုင်းမသိ တန်ဘိုးရှိတဲ့ ဉာဏ်ဘဲ။

ဒိဋ္ဌိ ဝိသုဒ္ဓိ စခန်း

ဘာ့ကြောင့် အတိုင်းမသိ တန်ဘိုး ရှိရသလဲ ? မေး၊ အထိရုပ်နှင့် အသိနာမ်၊ သို့မဟုတ် ထိတာနှင့် သိတာကို ကွဲကွဲပြားပြား တခြားစီထင်နေတဲ့ ယောဂီဟာ သူ့ဉာဏ်ထဲမှာ ရုပ်နှင့် နာမ်သာ ထင်နေတယ်၊ ရုပ် နှင့် နာမ် ၂-ခုထဲ ရှိနေတာကိုဘဲ သူ သိနေတယ်။

ငါ, သူတပါး, ယောကျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ့ဥစ္စာ, ငါ့ဟာ, ငါ့ရုပ်, ငါ့နာမ် ဟူသော အမှားထင် အမှားမြင် အမှားယူ အမှားစွဲ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ တို့ ကင်းစင်နေသောကြောင့်ဘဲ။

ယောဂီရဲ့ ဉာဏ်စိတ်ဟာ "ဒိဋ္ဌိ ဝိသုဒ္ဓိ" ဖြစ်နေပေပြီ၊ အယူအစွဲတွေ သန့်ရှင်းစင်ကြယ်နေပြီ၊ ကလျာဏ ပုထုဇဉ်အစစ် ဖြစ်နေပေပြီ၊ အပါယ်တံခါး ပိတ်ထားပြီး ဖြစ်နေပေပြီ။

သဟာကြောင့် "နာမရူပ ပရိစ္ဆေဒဉာဏ် ဟာ" ယောဂီအတွက် အတိုင်းမသိ တန်ဘိုးရှိတဲ့ ဉာဏ်ဘဲလို့ ဆိုခြင်း ဖြစ်သည်၊ ဤကား ဒုတိယ ခံစားခွင့်အကျိုးဘည်း။

ဥဒယ ဝယ ဉာဏ်စဉ်အပိုင်း

ဤသို့လျှင် ထိမှု သိမှု ရုပ်နာမ်သဘောစုကိုသာ အာရုံစွဲ သတိကပ်ပြီး ရှုမှတ်ပွားများနေတဲ့ ယောဂီဟာ "ဝင်လေရဲ့" အထိသဘောကလေး ဖြစ်ပေါ်လာတာကို သိလိုက်သလို၊

အဲသည် "ဝင်လေရဲ့" အထိသဘောကလေး ကုန်ဆုံး ပျက်စီး ကွယ်ပျောက်သွားတာကိုလဲ သိလိုက်ပြန်တယ်။

ထို့အတူ "ထွက်လေရဲ့"အထိသဘောကလေး ဖြစ်ပေါ်လာတာကို လိုက်သိ ရှုမှတ်နေသလို "ထွက်လေရဲ့" အထိ သဘောကလေးဟာ ရှုမှတ်နေရင်း ချက်ချင်း ကုန်ဆုံး ပျက်စီး ပျောက်ကွယ်သွားတာကိုပါ သိလိုက်ပြန်တယ်။

ဆိုလိုရင်းက ထိ သိ ထိ သိ နှင့် ရှုမှတ် ပွားများနေတဲ့ ယောဂီဟာ ရှေးအခါတုံးက ထိမှုသဘောကလေးတွေ ဖြစ်ဖြစ်လာတဲ့ အဖြစ်သဘောလောက်ကိုသာ ရှုနေတယ်, မှတ်နေတယ်, သိနေတယ်။

ခုအခါမှာတော့ အဲသည် အထိသဘောကလေးတွေဟာ ဖြစ်ပေါ်ပြီးရင် ချက်ချင်းဘဲ ပျက်ပျက်သွားတာ ပျောက်ပျောက်သွားတာကိုပါ ယောဂီရဲ့ဉာဏ်ထဲမှာ ကဲ့ကဲ့ပြားပြား တိတိကျကျ သိ သိ လာတယ်, ထင် ထင် လာတယ်, မြင် မြင် လာတယ်။

ဩော်.... လောကကြီး တခုလုံးဟာ ထိသိမှု ပျက်သလို မြင်သိမှု ပျက်, ကြားသိမှု ပျက်, နံသိမှု ပျက်, စားသိမှု ပျက် တွေပါကလား။

ဖြစ်ပေါ် ဖြစ်ပေါ်လာတာ မှန်သမျှ ချက်ချင်းခဏ ကုန်ခန်း ပြုန်းတီး ပျက်စီး ကွယ်ပျောက် သွားကြတာတွေ ချည်းပါတကား ဆိုတဲ့....

ဥဒယ-ဖြစ်တာကို သိတဲ့ ဉာဏ်၊
ဝယ-ပျက်တာကို သိတဲ့ ဉာဏ်၊

ဥဒယ ဝယဉာဏ် ဖြစ်ပျက်သိ ဉာဏ်စဉ်အပိုင်းကို ဆိုက်ရောက်လာပြီ၊ ဉာဏ်စဉ်တွေ ဘိုးတက်လာပြီဟု ဆိုလိုတယ်။

မှတ်ချက် ရုပ်နာမ်ခမ္မတို့၏ တရိပ်ရိပ် တဖွဲ့ဖွဲ့ တသဲသဲ ဖြစ်ပျက်မှုအစစ်ကို မြင်သိသောဉာဏ်မျိုးကိုသာလျှင် "ဥဒယ ဝယဉာဏ်"ခေါ်သည် ဟု မှတ်ပါ။

ထင်ရှားအောင် အနည်းငယ် အကြမ်းဖျင်း ဖော်ပြမည်

အထိ ဖြစ်လာတာက"အထိရုပ်"အထိရုပ်ကို သိတဲ့စိတ်က "အသိနာမ်"၊ သည် " ရုပ်, နာမ် " ၂-ခုဘဲရှိတယ်၊ အဲသည် "ရုပ်, နာမ်" ၂-ခုမှတပါး အခြားဘာမျှမရှိဘူးဟု ယောဂီ ဉာဏ်မြင်မှာ ထင်ရှားနေရပေမည်။

ရုပ် ဥဒယ ဉာဏ်

အထိ၏ အစထင်တာက ရုပ်၏အစ"ဥဒယာဉာဏ်"၊ရုပ်အဖြစ်သဘောကို ထင်တဲ့ဉာဏ်။

ရုပ် ဝယ ဉာဏ်

အထိ သဘောကလေး၏ အဆုံး ထင်သွားတာက ရုပ်၏ အဆုံး"ဝယဉာဏ်"၊ ရုပ်အပျက်သဘောကို ထင်တဲ့ဉာဏ်။

ရုပ် ဥဒယ ဝယ ဉာဏ်

အထိ၏ အစနှင့် အထိ၏အဆုံး ထင်တာကို "ရုပ်၏ ဖြစ်ပျက်မှု" ဥဒယ ဝယ ဉာဏ် ထင်တာဟု မှတ်ရမည်။

နာမ် ဥဒယ ဉာဏ်

အထိသဘောကလေးကို သိသိသွားတဲ့ ထိသိစိတ် အစ ထင်တာက နာမ်၏အစ ဥဒယဉာဏ်၊ နာမ်အဖြစ် သဘောကို ထင်တဲ့ဉာဏ်။

နာမ် ဝယ ဉာဏ်

ထိသိစိတ် အဆုံးထင်တာက နာမ်၏အဆုံး ဝယဉာဏ် ထင်တာ၊ နာမ်အပျက် သဘောကို ထင်တဲ့ဉာဏ်။

နာမ် ဥဒယ ဝယ ဉာဏ်

အဲသည် ထိသိစိတ်ကလေး၏ အစနှင့် အဆုံးကိုမြင်တာက "နာမ်၏ ဖြစ်ပျက်မှု"ဥဒယ ဝယ ဉာဏ် ထင်တာဟု မှတ်ရမည်။

ရုပ်နာမ်၏ ဥဒယ ဝယ ဉာဏ်ထင်ပုံ

အထိရုပ် ထိထိသွားတာကိုရော, ထိထိသွားဘာကို သိသိနေတဲ့ စိတ်ကိုရော, အစ အဆုံး ရှင်းလင်းပြတ်သားစွာ ကဲ့ကဲ့ပြားပြား တိတိကျကျ ထင်မြင်နေတာကို "ရုပ်နာမ်၏ ဖြစ်ပျက်မှု" ဥဒယ ဝယ ဉာဏ် ထင်တာဟု မှတ်ရမည်။

အထူးသိထားဘို့က

ရုပ်နာမ်တို့၏ တရိပ်ရိပ် တဖွဲ့ဖွဲ့ တသဲသဲ အစဉ်မပြတ် ဖြစ်ပျက်နေတာကို ပိုင်းခြားပြီး သိသိ သိသိ နေတဲ့ ဤ ဥဒယ ဝယ ဉာဏ်စခန်းသို့ ရောက်လာသော ယောဂီ၏ စိတ်ခေတ်သည် ရှေးအခါနှင့်မတူ တမူပြောင်းလဲကာ အထူးသန့်ရှင်း ကြည်လင်နေပြီ ဖြစ်ရကား....

> စိတ်နှလုံး နှစ်သက်ဖွယ်ရာ ထူးထွေဆန်းကြယ် အံ့သြဖွယ်ကောင်းသည့် အလွန် ကြည်လင် တောက်ပသော အလင်းရောင် စသည် တို့ကို တွေ့မြင်ရခြင်းမျိုး။

ကြက်သီးမွေးညှင်းတွေ ထကာ ထကာ နှစ်သက်ရှင်ပျှ၍ လာခြင်းမျိုး၊ တကိုယ်လုံး ဖိမ့် ဆိုမ့် အိမ့်

သွားအောင် တစိမ့်စိမ့် လွှမ်းမိုး ဖြစ်ပေါ်နေသော အလွန်ချမ်းသာသည့် နှစ်သက်ခြင်းမျိုး။

နှစ်သက်ခြင်းအဟုန်ဖြင့် မိမိကိုယ်ဟာ အထက်သို့ ကြွခါ ကြွခါ မြောက်တက် လွင့်ပါး၍ ပျံဝဲနေခြင်းမျိုး။

ကိုယ် စိတ် ငြိမ်းချမ်း အေးမြ သာယာမှု, ပေါ့ပါးမှု,စသည့် သုခဓာတ် အမျိုးမျိုးတို့ အဆက်မပြတ် ဖြစ်ပေါ် ဖြစ်ပေါ်၍ လာတတ်သည်။

ထိုအခါ ယောဂီ၏ သဒ္ဓါတရားတို့သည် ဘုရား တရား သံဃာ ရတနာ ၃-ပါး ဆရာသမားတို့အပေါ်၌ အလွန်အမင်း ကြည်ညိုယုံကြည် လေးစားခြင်းနှင့် ပျင်းရိမှု, နှမ်းနယ်မှု, ပင်ပန်းမှုတို့ ကင်းကွာလျက် ရှင်လန်းလတ်ဆတ်ကာ အထူးသဖြင့် အားထုတ်ကြိုးစားလိုမှု ဝီရိယဓာတ်အားတွေ ထပ်ပွားတိုးတက်၍ လာပေလိမ့်မည်။

ယောဂီ သတိ

ဤသို့လျှင် ယောဂီအတွက် နှစ်သက်ရှင်ပျ ကျေနပ်စရာ ချမ်းသာသုခတို့၏ အသေးအဖဲ့ အရိပ်အရောင်တို့ကို ကိုယ်တွေ့ ဒိဋ္ဌ ခံစားလာရပြီဖြစ်ရကား မိမိတို့ အားထားရာ ဝိပဿနာ တရား၌ လိမ္မာသော ဆရာသမားများထံ ချဉ်းကပ်ခစား မှန်ရာကို လျှောက်ထား၍ အစစ်အဆေးခံခြင်းများပြုကာ

ဆက်လက် ကြိုးစား အားထုတ်ကြရာသည်၊ "အဓိမာန"ခေါ် မိမိကိုယ်ကို အထင်အမြင်ကြီး၍ မနေကြရာ။

မှတ်ချက် ဤ "ဥဒယဝယ" ဉာဏ်စခန်းသို့ ရောက်သော ယောဂီသည် ဆရာသမားနှင့် ကင်းကွာလျက် ကိုယ့်ဘာသာ ကိုယ် ဆက်လက် အားထုတ်ခြင်း မပြုရာ၊ ဆရာသမားထံ အမြန်ချဉ်းကပ် နည်းခံ၍ ရှေ့ဆက်ကျင့်ရန် မမေ့သင့် ဟု မှတ်ရာသည်။

သောတာပတ္တိ မဂ်ဉာဏ်မှသည် အရဟတ္တ မဂ်ဉာဏ်အထိ ဤ ဥဒယ ဝယ ဉာဏ်ကို အခြေခံယူပြီးမှ တက်ရသည်ချည်းသာ ဖြစ်၍ ဤ ဥဒယ ဝယ ဉာဏ်သည် ယောဂီအတွက် အရေး အကြီးဆုံး တန်ဘိုးအရှိဆုံး ဉာဏ်ဟု မှတ်ပါလေ၊ ဤစာအုပ် ငယ်၌ အကျယ်မပြ, "နယ ဒဿန" နည်းရရုံမျှသာ ပြလိုက်သည်။

နိဂုံးချုပ်

အနည်းဆုံး အညံ့ဆုံး အဖျင်းဆုံးအားဖြင့် ဤ ဥဒယ ဝယ ဉာဏ်လောက်ရအောင် ဝိပဿနာတရား ပွားများအား ထုတ်မှု ရှိပြီးသော အသင် လူသားသည် သာသနာတော်နှင့်

တွေ့ကြုံရကျိုး နပ်သည်ဖြစ်၍ မြတ်သော လူ့ဘဝကို အရ တော်သူ "**မြတ်သောလူ**"ဟု ဆိုရပေမည်။

ထိုကြောင့် ဤ ဝိပဿနာ အလုပ်စခန်းကို ဖတ်ပြီးသော အခါ အဖျင်းဆုံး အညံ့ဆုံး အနည်းဆုံးအားဖြင့် "ဥဒယ ဝယ ဉာဏ်" အတန်းအစားလောက် ရောက်အောင် ကြိုးစား အားထုတ် ပါလေ ဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါ သတည်း။

အရှင် သြဘာသဘိဝံသ
ကမ္မဋ္ဌာနာစရိယ, မြန်မာအဘိဓာန် ဃရာတော်၊
ဗျာပုံတိုက်သစ်၊ သရက်တောတိုက်၊
ရန်ကုန်မြို့။

ရန်ကုန်မြို့မှ အလှူရှင်များ

	အမည်			
		လမ်း	အမှတ်	အုပ်ရေ
၁	ဒေါ်ငြိမ်းရင်	၁၃-လမ်း	၁၁၄	၂၀၀
၂	ဦးကျောက်တက် ဒေါ်ရုံ			
	သား-သမီးတစု	ကျုံးကြီးလမ်း	၁၅၀	၂၀၀
၃	ဦးကျင်ကုတ်-ဒေါ်ဖွားကြည်			
	သား-သမီးတစု	၁၂-လမ်း	၄၇	၂၀၀
၄	လမ်းသစ်ရိပ်သာယောဂီများ	၁၂-လမ်း	၄၇	၁၁၀
၅	ဒေါ်ငွေထိန်း-ဒေါ်ဝါး			
	မကျင်ဆွဲ	၁၂-လမ်း	၈၂	၁၀၀
၆	ဒေါ်ညို-သားမောင်ဘိုးစံ	၁၂-လမ်း	၆၇	၁၀၀
၇	ဦးကျော်ငန်း-ဒေါ်လှ			
	သား-သမီးတစု	လမ်းသစ် မော်တင်	၄၆	၁၀၀
၈	ဦးစောမောင်-ဒေါ်သောင်းစိန်			
	သား-သမီးတစု	ဗဟိုစည် ၃-လမ်း	၁၄	၁၀၀
၉	ဒေါ်ခင်ခင်အေး	၇-လမ်း	၇၅	၁၀၀
၁၀	ဒေါ်သန်း သား-သမီးတစု	၁၁-လမ်း	၆၃	၁၀၀
၁၁	ဆရာစိန်-ဒေါ်အေးတင်			
	သား-သမီးတစု	၅-လမ်း	၆၅	၁၀၀

	အမည်	လမ်း	အမှတ်	အုပ်ရေ
၁၂	ဒေါ်လှကြည်	လမ်းသစ်ရိပ်သာ		၈၈
၁၃	ဦးတင်မောင်-မသိန်းညွှန့် သား-သမီးတစု	မော်တင်စေး		၅၀
၁၄	ဒေါ်အေးရင်-ဒေါ်ဒုံးလှ	၁၄-လမ်း	၁၂၇	၅၀
၁၅	မလှလှ	ဘုန်းကြီးလမ်း	၁၂၅	၅၀
၁၆	ဒေါ်ခင်မေ-ဒေါ်အေးတင်	ကျုံးကြီးလမ်း	၁၉၁	၅၀
၁၇	ဦးဘကျော်-ဒေါ်ခင်ညွှန့်	လမ်းသစ်ရိပ်သာ		၅၀
၁၈	နဂါးနီပန်းချီ-မိသားစု	မဟာဗန္ဓုလလမ်း	၇၈၇	၅၀
၁၉	ဒေါ်ညွှန့်ရီ-မိသားစု	ကမ်းနားလမ်း	၅၉၂	၅၀
၂၀	ဦးဘသိန်း-ဒေါ်ချေမ်း ညောင်လေးပင်မြို့ မိသားစု	ရွာမအနောက်ပိုင်း	၆၆	၅၀
၂၁	မလှတင့်	၁၂-လမ်း		၂၆
၂၂	ဒေါ်ခင်သိန်း-သမီး မတင့်	ဗဟိုစည် ၄-လမ်း	၆	၂၅
၂၃	ဒေါ်မှိ နှင့် မိသားစု	ဗဟိုစည် ၄-လမ်း	၂၁	၂၅
၂၄	ဦးစိ-ဒေါ်ငွေစိန်	ဗဟိုစည် ၄-လမ်း	၁၁	၂၅

	အမည်	လမ်း	အမှတ်	အုပ်ရေ
၂၅	ဒေါ်ညွန့်-မိသားစု	ဗဟိုစည် ၄-လမ်း	၁၅	၂၅
၂၆	ဒေါ်လှမြတ်	ဗဟိုစည် ဈေးလမ်း	၂၉	၂၅
၂၇	ဒေါ်တွမ်း	၁၅-လမ်း	၄၅	၂၅
၂၈	ဦးမောင်လေး-ဒေါ်သိန်းတင် မိသားစု	၁၂-လမ်း	၅၀	၂၅
၂၉	ဒေါ်အမာ နှင့် မိသားစု	၈-လမ်း	၉၀	၂၅
၃၀	ဦးထွန်းစိန် နှင့် သမီးများ	လမ်းသစ်ရိပ်သာ		၂၅
၃၁	ဦးသာချို-သမီး မသန်းမြင့်	လမ်းသစ်ရိပ်သာ		၂၅
၃၂	ဒေါ်ဖွားရုံ နှင့် မိသားစု	လှည်းတန်း	၉၃	၂၅
၃၃	ဒေါ်တိတ်စိန်-ဒေါ်စောမိ	ကျုံးကြီးလမ်း		၂၅
၃၄	ဒေါ်စိန်တင်-ဦးကျော်တင်	လက်ခုပ်ကုန်းရွာ		၂၅
၃၅	ဒေါ်အေးရှင်	အလုံလှော်ကားလမ်း	၂၆	၂၅
၃၆	ဦးတင်•ဒေါ်သစ်	မော်တင်ဈေး	၅၆	၂၅
၃၇	ဒေါ်ရွှေကြည်-မိသားစု	၅-လမ်း	၄၈	၂၅
၃၈	ဒေါ်မြစိန်	ဗဟိုစည်		၂၀
၃၉	ဒေါ်ရှုခင်	၇ လမ်း	၅၂	၂၀
၄၀	ဦးညွန့်မောင်	ဗဟိုစည် ဈေးလမ်း		၁၂
၄၁	ကိုစိန်ဖေ	မော်တင် ကမ်းနားဈေး		၁၀

	အမည်	လမ်း	အမှတ်	အုပ်ရေ
၄၂	ဒေါ်နှင်းဆီ			၁၀
၄၃	ဒေါ်မမကြီး	လမ်းသစ်ရိပ်သာ		၁၀
၄၄	ဒေါ်အုန်းတင်	၅-လမ်း		၁၀
၄၅	ဒေါ်ထိုက် မိသားစု	လမ်းသစ်ရိပ်သာ		၁၀
၄၆	ဒေါ်သန်ငြိမ်း-မခင်နု	ကိုင်းတန်း		၁၀
၄၇	ဒေါ်မြ	၁၃-လမ်း		၁၀
၄၈	ဒေါ်တုပ်ကေ မိသားစု	ဘုန်းကြီးလမ်း		၁၀
၄၉	ဒေါ်ရှုခင်	၇-လမ်း	၅၂	၁၀
၅၀	မရွှေ	၁၈-လမ်း	၁၃၁	၁၀
၅၁	မကြည်	၁၈-လမ်း	၁၃၁	၆
၅၂	ဒေါ်စန္ဒဝတီ			၆
၅၃	ဒေါ်နှင်း-မိသားစု	ရွှေတောင်တန်း	၁၁၆	၆
၅၄	အဖွားရိမ်			၆
၅၅	ဒေါ်သက်-မိသားစု	ကျုံးကြီးလမ်း	၁၁၈	၆
၅၆	ဒေါ်ကြွ	မော်တင်စျေး		၆
၅၇	မအုန်း	မော်တင်စျေး		၄
၅၈	မထွေးကြည်	″		၄
၅၉	ဒေါ်မြမေ	″		၂
၆၀	မောင်မြင့်ဟန်	″		
၆၁	မောင်အောင်စိန်	″		

မြန်မာစာပေသုခမိန်ဖြစ်လိုပါလျှင်

ဆရာတော် ဦးသြဘာသ

ဖြစ်စေသော

စံပြမြန်မာပါဠိအဘိဓာန်ကျမ်း

နှင့်

သုတေသနသရုပ်ပြအဘိဓာန်ကျမ်း

ကို

ဆောင်ထားပါ။